နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ

ပဲခူးမြို့၊ မြို့မစာသင်တိုက်

အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု

သက်တော်ရှည် မြို့မဆရာတော်

## ဘဒ္ဒန္တဉာဏိန္ဒာစာရ မဟာထေရ်

# အဘိဓဇမဟာရဋ္ဌဂုရုပူဇော်ပွဲ

## အခမ်းအနားအစီအစဉ်နှင့်

## ပူဇော်လွှာများ


အဘိဓဇမဟာရဋ္ဌဂုရု ချီးကျူးဂုဏ်ပြုပူဇော်ပွဲ

ကျင်းပရေးဗဟိုကော်မတီ

ပဲခူးမြို့။

သာသနာ ၂၅၂၇ ကောဇာ ၁၃၄၅ ၁၉၈၃

၁၄၉၈၈

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ

ပဲခူးမြို့၊ မြို့မစာသင်တိုက်

အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု

သက်တော်ရှည် မြို့မဆရာတော်

ဘဒ္ဒန္တဉာဏိန္ဒာစာရ မဟာထေရ်၏

# အဘိဓဇမဟာရဋ္ဌဂုရု ပူဇော်ပွဲ

## အခမ်းအနားအစီအစဉ်နှင့်

## ပူဇော်လွှာများ


အဘိဓဇမဟာရဋ္ဌဂုရု ချီးကျူးဂုဏ်ပြုပူဇော်ပွဲ

ကျင်းပရေး ဗဟိုကော်မတီ

ပဲခူးမြို့။

သာသနာ ၂၅၂၈ ကောဇာ ၁၃၄၇ ၁၉၈၅

ရန်ကုန်မြို့ ကမ္ဘာအေး၊ သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်တွင်
ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်မောင်
( မှတ်ပုံတင်အမှတ် ၀၂၄၀၅/၀၂၂၂၄ ) က ပုံနှိပ်ထုတ်ဝေသည်။



အဘိဓဇမဟာရဋ္ဌဂုရု ချီးကျူးပူဇော်ပွဲ

# နိဒါန်း

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ပဲခူးမြို့မဆရာတော်ဘုရားကြီးအား နိုင်ငံတော်ကောင်စီက ကြေငြာချက် အမှတ် (၁/၇၃) ဖြင့် လျှူဒါန်းခဲ့ပြီး ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပေါ်သိမ်းက ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ ဆဋ္ဌသံဂါယနာ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များကို အခမ်းအနားဖြင့် ဆက်ကပ်ခဲ့ပါသည်။

ထိုသို့ ဘွဲ့တံဆိပ်တော် ဆက်ကပ်ပြီးနောက် အများပြည်သူတို့ကလည်း ကပ်ဆင့်တဖန် ပူဇော်လိုကြသော အာသီသ ပြင်းပြလျက် ရှိကြပါသည်။ သို့ရာတွင် ဘွဲ့တံဆိပ်တော် ဆက်ကပ်ပြီးစ အခါသည် မိုးဦးကာလဖြစ်သဖြင့် ဆရာတော်ဘုရား၏ အပြန်ခရီးကို သိုက်မြိုက်စွာ ကြိုဆိုခြင်းဖြင့် တင်းတိမ်ခဲ့ကြရပါသည်။ ယခုကဲ့သို့ မိုးလကင်းလွတ်သည့် ရာသီတွင် အများပြည်သူတို့အားပါးတရ ပူဇော်ကြရန် စီစဉ်ဆောင်ရွက်ခဲ့ကြပါသည်။

အဘိဓဇမဟာရဋ္ဌဂုရု ချီးကျူးဂုဏ်ပြုပွဲကြီးတွင် ပူဇော်ကြသည့် အစီအစဉ်များကို အမှတ်ထင်ထင် ကျန်ရစ်စေရန်နှင့် ပါဝင် ပူဇော်ခွင့်ရသူ အများပြည်သူတို့သည် မိမိတို့၏ ကုသိုလ်ဒါန အပရစေတနာ ပွားတိုးစေရန် ရည်သန်လျက် အဘိဓဇမဟာရဋ္ဌဂုရု ချီးကျူးဂုဏ်ပြု ပူဇော်ပွဲ စာစောင်ကို ဗဟိုကော်မတီက စက်တင် ပုံနှိပ်ခြင်း ဖြစ်ပါသည်။

ဤစာစောင်တွင် ပူဇော်ပွဲ အခမ်းအနား၌ မိန့်ကြားသော ဩဝါဒ၊ ဂုဏ်ပြုလျှောက်ထားချက်များ၊ ရွတ်ဖတ် ပူဇော်ခြင်းများသာမက သံဃာကော်များ၏ ဩဝါဒ ခံယူပွဲအစီအစဉ်, အဘိဓဇမဟာရဋ္ဌဂုရု ဂုဏ်ပြုကြိုဆိုပွဲ မှတ်တမ်းနှင့် သီးခြားပေးပို့ ပူဇော်လွှာများကို ထည့်သွင်း ပုံနှိပ်ထားပါသည်။ စာစောင်စီစဉ်ရန် ဆုံးဖြတ်ပြီး ရက်အနည်းငယ်သာ ရရှိသဖြင့် ရပ်နီး ရပ်ဝေးမှ ရေးသား ပေးပို့လိုသူများထံ ဆက်သွယ်ခြင်းမပြုနိုင်ခဲ့သည့်အတွက် ဤမျှဖြင့် ကျေနပ်ကြလိမ့်မည်ဟု မျှော်လင့်ပါသည်။

အဘိဓမ္မာမဟာရဋ္ဌဂုရု ပူဇော်ပွဲ

# မာတိကာ

စာမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ

## အပိုင်း (၁)


၁။ ပူဇော်ပွဲအခမ်းအနား အစီအစဉ် .... .... .... ၁

၂။ ပူဇော်ပွဲ အခမ်းအနားဖွင့်စာတမ်း .... .... .... ၅

၃။ အဘိဓမ္မာမဟာရဋ္ဌဂုရု မြို့မဆရာတော်ဘုရားကြီး၏ ဩဝါဒကထာ ၇

၄။ ပဲခူးတိုင်း သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဦးသာသန၏ လျှောက်ထားလွှာ ၉

၅။ ပဲခူး မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဦးသုဇာတ၏
အဘိဓေဂုဏပူဇာ လျှောက်ထားလွှာ .... .... .... ၁၂

၆။ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်
ဦးကြည်ညွန့်၏ လျှောက်ထားလွှာ .... .... .... ၁၅

၇။ ပဲခူးတိုင်း ပြည်သူ့ကောင်စီဥက္ကဋ္ဌကြီး၏ လျှောက်ထားလွှာ .... ၁၉

၈။ သာသနာရေးဦးစီးဌာန လက်ထောက်သုတေသနမှူး
ဦးမင်းကြည်၏ ထေရဂုဏထုတိဘာသိတ ဝန္ဒနာဂါထာ .... ၂၃

၉။ ဆရာကြီးဦးဆန်းထွန်း(မန်းတက္ကသိုလ်)၏ ထောမနာဩဘာစာ ၂၅

၁၀။ ရန်ကုန်မြို့ ဆရာအတတ်သင်သိပ္ပံ ကထိက, အဆိုတော်
ဒေါ်သင်သင်းမြတ် ရွတ်ဆိုပူဇော်သော ထုတိမင်္ဂလာပိုဒ်စုံရတုလွှာ ၂၉

၁၁။ ပဲခူး မြို့နယ်ပြည်သူ့ကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးရွှေရိုး၏ ရေစက်ချစာတမ်း ၃၁


## အပိုင်း (၂)


၁။ ဩဝါဒတော်ခံယူပွဲ အခမ်းအနားအစီအစဉ် .... .... ၃၂

၂။ အဘိဓမ္မာမဟာရဋ္ဌဂုရု မြို့မဆရာတော်ဘုရားကြီး
မိန့်မြွက်တော်မူသော ဩဝါဒကထာ .... .... .... ၃၅

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|

## အပိုင်း (၃)

၁။ အဘိဓဇမဟာရဋ္ဌဂုရု ဂုဏ်ပြုကြိုဆိုပွဲ .... .... .... ၃၉
၂။ အမျိုးသမီး ဝတ်အသင်းများ ရွတ်ဆိုပူဇော်သည့် ထုတိမင်္ဂလာ ရှစ်လုံးဘွဲ့ကဗျာများ .... .... .... ၄၃
၃။ ဦးမြမောင်(အငြိမ်းစား ပညာရေးဌာန)ရေးသား ပူဇော်သော မင်္ဂလာ ဘုန်းတော်ဘွဲ့စည်တော်သံ .... .... ၄၇

## အပိုင်း(၄)

## သီးခြားဂုဏ်ပြု ပူဇော်လွှာများ

၁။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ အဘိဓဇမဟာရဋ္ဌဂုရု ဂုဏပူဇာ ငါးဂါထာပါဠိအနက် .... .... .... .... ၄၉
၂။ ပဲခူးမြို့ ဇေယျသိဒ္ဓိ မဓောက်ကျောင်း ဆရာတော် ဦးမာဃိန္ဒာ- ဘိဝံသ၏ အဘိဓဇဂုဏပူဇာ ချီးကျူးဂုဏ်ပြုလွှာ .... .... ၅၃
၃။ ပဲခူးမြို့ ဈေးကြီး ဆန်လှူအသင်း၏ ချီးကျူးဂုဏ်ပြုပူဇော် လွှာနှင့်ဆုမွန်တောင်း .... .... .... .... ၅၅
၄။ ဦးကျော်ပိုင်(ကြိုင်လင်းစာပေ)ရေးသားပူဇော်သော ဂုဏဂီတိ ထောမနာဂါထာများနှင့် ရှစ်လုံးဘွဲ့ကဗျာများ .... ၅၇
၅။ ဦးမြမောင်(အငြိမ်းစား ပညာရေးဌာန) ပူဇော်သည့် ထုတိမင်္ဂလာ မြတ်ပူဇာ ရတုပိုဒ်စုံ .... .... .... .... ၆၁
၆။ ပဲခူးတိုင်း သာသနာရေးမှူး ဦးညွန့်မောင်ရေးသားပူဇော်သော အဘိဓဇဂုဏပူဇာ တေးထပ် .... .... .... .... ၆၃
၇။ ပဲခူးမြို့ သာသနာ့နဂ္ဂဟဝတ်အသင်းကြီးက ပူဇော်သည့် ဂုဏဝန္ဒနာ ထုတိဩဘာ မင်္ဂလာရတုပိုဒ်စုံ, တေးထပ်နှင့် ရှစ်လုံးဘွဲ့ကဗျာများ .... .... .... .... ၆၅
၈။ ပဲခူးမြို့ ဘုရားဈေးသစ် သာသနာ့အကျိုးဆောင်အဖွဲ့မှ ပူဇော်သည့် ဂုဏ်ပြုရေးစပ် တေးထပ်သန်းနှင့် ရှစ်လုံးဘွဲ့ကဗျာများ .... .... ၆၈

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |

## အပိုင်း (၅)

| | | |
| --- | --- | --- |
| ၁။ | ပူဇော်ပွဲ ကျင်းပရေးကော်မတီဖွဲ့စည်းခြင်း .... .... | [illegible] |
| ၂။ | နာယက ဆရာတော်ကြီးများနှင့် နာယကကြီးများ .... .... | [illegible] |
| ၃။ | ဗဟိုကော်မတီနှင့် ဆက်ကော်မတီများ၏ လုပ်ငန်းတာဝန်များ .... | [illegible] |

## အပိုင်း (၆)

| | | |
| --- | --- | --- |
| ၁။ | ပဒေသာပင် ပို့လှူရန် အစီအစဉ် .... .... | ၈[illegible] |
| ၂။ | ပျော်ပွဲရှင်ပွဲအစီအစဉ် .... .... | ၈[illegible] |
| ၃။ | ဆွမ်းကွမ်း, ဆေးအလှူရှင်များ .... .... | ၈၇ |
| ၄။ | ဓမ္မဒါန အလှူရှင်များ .... .... | ၈၉ |

# အပိုင်း (၁)

၁၉၈၄-ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့ (၁)နာရီအချိန်တွင်
ပဲခူးမြို့၊ မြို့မစာသင်တိုက် နိကာယဓမ္မဗိမာန်၌ ကျင်းပပြုလုပ်သော
အဘိဓဇမဟာရဋ္ဌဂုရု ချီးကျူးဂုဏ်ပြုပူဇော်ပွဲ

## အခမ်းအနားအစီအစဉ်

၁၂း၅၀-နာရီ ပရိသတ်များနေရာယူပြီးဖြစ်နေရန်၊

၁၂း၅၅-နာရီ အခမ်းအနား အစီအစဉ်ကို ဖတ်ကြားကြေငြာရန်၊

၁၃း၀၀-နာရီ အဘိဓဇမဟာရဋ္ဌဂုရု မြို့မဆရာတော်ဘုရားကြီးအား စျာန်ယဉ်စံကျောင်းတော်ပေါ်မှ နိကာယဓမ္မဗိမာန်သို့ အခမ်းအနားဖြင့် ပင့်ဆောင်ရန်၊

**အခမ်းအနားဖြင့် ပင့်ဆောင်ရေးအစီအစဉ်**

* မြို့နယ်သာသနာရေးမှူး ဦးစိုးနိုင်က ရှေ့ဆုံးမှ သာသနာ့အလံတော်ကို ကိုင်ဆောင်လျက်၊
* မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးစံတင်က အဘိဓဇမဟာရဋ္ဌဂုရု အလံတော်ကို ကိုင်ဆောင်လျက်၊
* တိုင်းပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးကျော်ညွန့်က ပန်းစိုက်ငွေဖလားကို ကိုင်ဆောင်လျက်၊
* လက်ထောက်တိုင်းသာသနာရေးမှူး ဦးကျော်မင်းက ဆရာတော်၏ နေရာထိုင်ကို ကိုင်လျက်လည်းကောင်း, ဗဟိုကော်မတီ ဥက္ကဋ္ဌ ဗိုလ်မှူးရွှေရိုးက ဆရာတော်အပါးမှ ကပ်လျက် လည်းကောင်း၊
* အခမ်းအနား ပြင်ဆင်ရေး ဆပ်ကော်မတီ ဥက္ကဋ္ဌ ဦးမောင်မောင်ညွန့်က ထီးဖြူတော်မိုးလျက်၊
* ပူဇော်ပွဲကျင်းပရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးသောင်းမြင့်က ငွေဖလားဖြင့် ပန်းမိုးရွာလျက်၊

* အခမ်းအနားဖြင့် ပင့်ဆောင်လာသောအခါ မင်္ဂလာဆိုင်းတော်မှ ငြိမ့်ညောင်းသာယာစွာ တီးမှုတ်နေရန်၊ ဆရာတော်ဘုရားကြီး နိကာယမမ္မဗိမာန် အဝင်ဝရောက်သည့်အခါ မင်္ဂလာဆိုင်းသည် ငြင်သာစွာတီးမှုတ်နေရာမှ ရပ်ပေးရန်၊ အခမ်းအနားမှူးက ဆရာတော်ဘုရားကြီး ကြွရောက်လာပြီဖြစ်ကြောင်း ကြေငြာသည့်အခါ ပရိသတ်များက လက်အုပ်ချီထားရန်၊ မင်္ဂလာဆိုင်းမှ မင်္ဂလာစည်တော်ရှမ်းရန်၊

၁၃း၁၀-နာရီ အခမ်းအနားမှူးက အခမ်းအနားစတင်ကြောင်း ကြေငြာပြီး အခမ်းအနားဖွင့်စာတမ်းကို ဖတ်ကြား၍ အခမ်းအနားဖွင့်လှစ်ရန်၊

(အခမ်းအနားဖွင့် စာတမ်းဆုံးသည်နှင့်တပြိုင်တည်း မင်္ဂလာဆိုင်းတော်နှင့်အဆိုတော်............က ဘုန်းတော်ဘွဲ့ကို ချီးကျူးလျက် တီးမှုတ်ပူဇော်ရန်၊)

၁၃း၂၀-နာရီ အဘိဓဇမဟာရဋ္ဌဂုရု ကျေးဇူးတော်ရှင် မြို့မဆရာတော်ဘုရားကြီးထံ ငါးပါးသီလ ခံယူဆောက်တည်ကြရန်၊

၁၃း၂၅-နာရီ အဘိဓဇမဟာရဋ္ဌဂုရု ကျေးဇူးတော်ရှင် မြို့မဆရာတော်ဘုရားကြီး၏ ဩဝါဒကိုနာယူရန်၊

၁၃း၃၀-နာရီ ပဲခူးတိုင်း သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဦးသာသနက လျှောက်ထားပူဇော်ရန်၊

၁၃း၃၅-နာရီ ပဲခူးမြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဦးသုဇာတက လျှောက်ထားပူဇော်ရန်၊

၁၃း၄၀-နာရီ သာသနာရေးဦးစီးဌာန၊ညွှန်ကြားရေးမှူးချုပ် ဦးကြည်ညွန့်က လျှောက်ထားရန်၊

၁၃း၅၀-နာရီ ပဲခူးတိုင်း ပြည်သူ့ကောင်စီဥက္ကဋ္ဌ ဦးထွန်းကျော်က လျှောက်ထားရန်၊

၁၄း၀၀-နာရီ သာသနာရေးဦးစီးဌာန လက်ထောက်သုတေသနမှူး ဦးမင်းကြည်က ထုတိမင်္ဂလာပါဠိဂါထာဖြင့် ရွတ်ဖတ်ပူဇော်ရန်၊

၁၄း၀၅-နာရီ ဆရာကြီးဦးဆန်းထွန်းက ထုတိမင်္ဂလာဩဘာစာဖြင့်ဖတ်ကြားပူဇော်ရန်၊

(၃)

၁၄း၁၅-နာရီ ရန်ကုန်မြို့၊ဆရာအတတ်သင်သိပ္ပံ၊ ကထိက ဒေါ်သင်းသင်းမြတ်က ထုတိမင်္ဂလာရတုပိုဒ်စုံဖြင့် ရွတ်ဆိုပူဇော်ရန်၊

၁၄း၂၅-နာရီ အဘိဓဇမဟာရဋ္ဌဂုရု ချီးကျူးဂုဏ်ပြုပူဇော်ပွဲ ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ မြို့နယ် ပြည်သူ့ကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးရွှေရိုးက အဘိဓဇမဟာရဋ္ဌဂုရုမြို့မဆရာတော်ဘုရားကြီးအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပူဇော်ရန် (ဒုတိယ ဥက္ကဋ္ဌကြီးများက ကူညီဆက်ကပ်ရန်)၊

၁၄း၃၀-နာရီ အဘိဓဇမဟာရဋ္ဌဂုရု ချီးကျူးဂုဏ်ပြုပူဇော်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်ပြည်သူ့ကောင်စီဥက္ကဋ္ဌ,ဗိုလ်မှူးရွှေရိုးက ရေစက်ချ စာတမ်းဖြင့် ရေစက်သွန်းချ အမျှပေးဝေရန်၊ (ပရိတ်သတ်များက သာဓုခေါ်ပြီး မင်္ဂလာဆိုင်းက-မင်္ဂလာဗြော တီးမှုတ်ရန်)

၁၄း၄၀-နာရီ အခမ်းအနားပြီးဆုံးကြောင်း ကြေငြာရန်။

ပဲခူးမြို့၊ မြို့မစာသင်တိုက် နိကာယဓမ္မဗိမာန်၌ ပြုလုပ်သော
အဘိဓဇမဟာရဋ္ဌဂုရု ချီးကျူးဂုဏ်ပြု ပူဇော်ပွဲ အခမ်းအနားတွင်
ပဲခူးတိုင်း သာသနာရေးမှူးဦးညွန့်မောင်၏

# အခမ်းအနားဖွင့်စာတမ်း

အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ၊ သံဃာ့ဦးသျှောင် ထိပ်ခေါင်တင် ဖြစ်တော်မူသော ကျေးဇူးတော်ရှင် သက်တော်ရှည် မြို့မဆရာတော်ဘုရားကြီး အမှူးထား၍ အဘိဓဇမဟာရဋ္ဌဂုရု ချီးကျူးဂုဏ်ပြုပူဇော်ပွဲ အခမ်းအနားသို့ ကြွရောက်တော်မူသော နာယကဆရာတော် အရှင်သူမြတ်တို့ ဘုရား–

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်ကောင်စီသည် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ သက်တော်ရှည်မြို့မ ဆရာတော်ဘုရားကြီးအား အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ကို ဆက်ကပ် လှူဒါန်းကြောင်း အမိန့်ကြော်ငြာစာ (၁/၈၃)ဖြင့် ၁၉၈၃- ခုနှစ် ဇန်နဝါရီလ (၄) ရက် မြန်မာ့လွတ်လပ်ရေး အထိမ်းအမှတ်နေ့တွင် ထုတ်ပြန် ကြေငြာ၍ လှူဒါန်းခဲ့ပါသည် ဘုရား။

၁၃၄၅-ခုနှစ် နယုန်လပြည့်၊ ၁၉၈၃- ခု ဇွန်လ(၂၅) ရက်နေ့တွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ၊ ဆဋ္ဌသံဂါယနာ မဟာပါသာဏ လိုဏ်ဂူတော်ကြီး၌ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပေါ်သိမ်းက သက်တော်ရှည် မြို့မဆရာတော်ဘုရားကြီးအား အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ကို လှူဒါန်း ဆက်ကပ် ခဲ့ပါသည် ဘုရား။

ဆရာတော်ဘုရားကြီးအား နိုင်ငံတော်မှ ပူဇော်ခြင်းအတွက် အားရဝမ်းသာ ဖြစ်ခဲ့ရခြင်းဖြင့် မတင်းတိမ်နိုင်ပဲ ထပ်ဆင့်တဖန် ပူဇော်လိုကြသော အများ ပြည်သူတို့၏ ဆန္ဒအရ အဘိဓဇမဟာရဋ္ဌဂုရု ချီးကျူးဂုဏ်ပြုပူဇော်ပွဲ ကော်မတီ ကို ဖွဲ့စည်းလျက် အဘိဓဇမဟာရဋ္ဌဂုရု ချီးကျူးဂုဏ်ပြုပူဇော်ပွဲ အခမ်းအနားကို ယနေ့ ပြုလုပ် ပူဇော်ကြခြင်း ဖြစ်ပါသည်။

## (၆)

၁၃၄၅- ခု နတ်တော် လပြည့်ကျော် (၁၃) ရက် ဤယနေ့အချိန်အခါသည် "သုနက္ခတ္တံ သုမင်္ဂလံ" အစဖြာသည့် ဒေသနာကျမ်းဂန်နှင့် ညီညွတ်ပါသဖြင့် ကောင်းသောနက္ခတ်၊ ကောင်းသော မင်္ဂလာ၊ ကောင်းသော ပူဇော်ရာ အခါတော် ကျရောက်ပြီ ဖြစ်ပါ၍ အဘိဓဇမဟာရဋ္ဌဂုရု ချီးကျူးဂုဏ်ပြုပူဇော်ပွဲ အခမ်းအနားကို ဖွင့်လှစ်ပြီ ဖြစ်ပါကြောင်း ညွတ်ပျောင်းရိုကျိုး လက်စုံမိုး၍ ရှိခိုး လျှောက်ထားအပ်ပါသည် ဆရာတော်သခင် အရှင် သူမြတ်တို့ဘုရား။

၁၉၇၄- ခုနှစ် ဇန်နဝါရီလ (၁) ရက်နေ့တွင်
ပဲခူးမြို့ မြို့မစာသင်တိုက် နိကာယဓမ္မဗိမာန်၌ပြုလုပ်သော
အဘိဓဇမဟာရဋ္ဌဂုရု ချီးကျူးဂုဏ်ပြုပွဲ အခမ်းအနား၌ မိန့်ကြားအပ်သော
နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု
မြို့မ ဆရာတော် ဘုရားကြီး၏

# ဩဝါဒကထာ

ယခုနှစ် ပူဇော်ပွဲကြီး၌ ပြည်မ၊ ပြည်နယ်နှင့် မြို့နယ်အသီးသီးတို့မှ ရောက်ရှိလာကြတဲ့ တပည့် ဒါယကာ ဒါယိကာမများအား မိသားစုအနေဖြင့် တွေ့မြင်ရသည်ကို အနာဂတ် သာသနာရေးအတွက် အားတက် ဂုဏ်ယူမိပါသည်။

ဆရာတော်ရဲ့ မိန့်ကြားလိုရင်းကတော့ ရတနာသုံးပါးနှင့် ဆရာ မိဘ စတဲ့ ပုဂ္ဂိုလ်တို့သည် ပူဇော်ခြင်းငှာ ထိုက်သူများဖြစ်ကြ၍ ထိုပုဂ္ဂိုလ်တို့အား အခါကာလအားလျော်စွာ ပူဇော်မှု ပြုခြင်းဟာ မင်္ဂလာကြီးတရပ် ဖြစ်တယ်လို့ မိန့်ကြားလိုရင်း ဖြစ်ပေသည်။

အနည်းငယ် ရှင်းပြပါဦးမယ်၊ ပူဇော်ဆိုသော မြန်မာစကားသည် ပူဇာ ဟူသော ပါဠိမှ ဆင်းသက်လာသော စကားဖြစ်ခဲ့၏။ ထိုစကားအရ ပူဇော် ဆိုတာ သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ် တခုခုကိုဖြစ်စေ၊ သို့မဟုတ် သုံးပါးလုံးကိုပဲဖြစ်စေ အာရုံပြု၍ ထိုဂုဏ်၌ ကြည်ညိုလေးစားသော အခြင်းအရာကို ပြုခြင်းမျှပင် ဖြစ်ပေသည်။

ဒီဃာဝုသုတ္တန်၌ ရည်ညွှန်းချက်နှင့် အကျိုးတရားများကို—

အဘိဝါဒနသီလိဿ၊ နိစ္စံ ဝုဍ္ဎာပစာယိနော။
စတ္တာရော ဓမ္မာ ဝဍ္ဎန္တိ၊ အာယု ဝဏ္ဏော သုခံ ဗလံ—

**ဟု** မိန့်ဆိုထားသည်။

ယင်းပါဠိတော်၌ ရှေ့ပိုင်းတွင် ပူဇော်မှု အလုပ်ကိစ္စနှင့် ပတ်သက်သော ရည်ညွှန်းချက်များ ပါရှိ၍ နောက်ပိုင်းတွင်မူ ၎င်းအလုပ်မှ ရရှိခံစားရမည့် အာယု, ဝဏ္ဏ, သုခ, ဗလ ဆိုသည့် အကျိုးပြုအချက်များ ပါရှိသည်ကို တွေ့မြင်ရလေသည်။ အဓိပ္ပာယ်မှာ ဂုဏဝုဍ္ဎိ၊ ဝယဝုဍ္ဎိအားဖြင့် ကြီးသော ပုဂ္ဂိုလ်တို့ကို

ရှိသေမြတ်နိုး ရှိခိုးပူဇော်လေ့ရှိသောသူအား အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာကြီးပွားခြင်း၊ ခွန်အားကြီးခြင်းဟု ဆိုအပ်သော အကျိုးတရား(၄) ပါးတို့သည် တိုးပွားနိုင်၏- ဟု ဆိုလိုပေသည်။

ယင်းသို့ပူဇော်ခြင်းသည် အာမိသပူဇာ၊ ဓမ္မပူဇာဟူ၍ နှစ်မျိုးနှစ်စား ရှိခဲ့ပြန်ရာ—

(က) တစုံတခု ဝတ္ထုပစ္စည်းဖြင့် ပူဇော်ခြင်းမှာ အာမိသ ပူဇာဖြစ်၍၊

(ခ) အဆုံးအမကိုလိုက်နာ၍ ကျင့်ဝတ်ပဋိပတ်ဖြင့် ပူဇော်ခြင်းမှာ ဓမ္မပူဇာဖြစ်ကြောင်းကို ကောင်းစွာ သတိချပ်သင့်ပေသည်။

ထိုမှတပါး ဓမ္မပူဇာနှင့် ဆက်သွယ်ပြီးကျင့်သုံးဖွယ်အချက်များကိုဒီဃနိကာယ် အဋ္ဌကထာ၌ အကြွင်မဲ့လောက်သော ကာလပတ်လုံး ရဟန်းယောကျ်ား၊ ရဟန်းမိန်းမ၊သီဘင်းသည် ယောကျ်ား၊ သီတင်းသည်မိန်းမ—ဤလေးပါးသော ပရိသတ်တို့သည် ငါဘုရားကို ကျင့်ဝတ်ဓမ္မဖြင့် ပူဇော်ကြလိမ့်မည်၊ထိုမျှလောက်သော ကာလပတ်လုံး ဤသာသနာတော်ကြီးသည် ကောင်းကင်အလယ်လပြည့်ဝန်းကဲ့သို့ တင့်တယ်လိမ့်မယ်ဆိုတဲ့ အချက်များကိုလည်း နေယျတ္ထအားဖြင့် ဖွင့်ဆိုထားသည့်ပြင် ကျင့်ဝတ်ဓမ္မဖြင့် ပူဇော်သော တိဿမထေရ်ဝတ္ထု၌လည်း—

ပဝိဝေကရသံ ပိတွာ၊ရသံ ဥပသမဿ စ။
နိဒ္ဒရော ဟောတိ နိပ္ပါပေါ၊ ဓမ္မပီတိ ရသံ ပိဝံ–

ဟူ၍ ချီးကျူးစကား မြွက်ကြားထားလေသည်။

မြန်မာလိုကတော့ ဆိတ်ငြိမ်ရာဌာနမှရအပ်သောမဂ်ဉာဏ်,ဖိုလ်ဉာဏ်ဟူသော ပဝိဝေကရသ၊ ကိလေသာအေးမှ ငြိမ်းအေးရာဖြစ်သော နိဗ္ဗာန်ဟူသော ဥပသမရသ၊ လောကုတ္တရာတရားကြောင့်ဖြစ်တဲ့ ဝမ်းမြောက်မှုဟူသော ဓမ္မပီတိရသကို သောက်သုံးရသောသူသည် ပူပန်ခြင်းမရှိပဲ မကောင်းမှုဟူသမျှမှ ကင်းစင်ရသည်ဟု ပြဆိုထားပါသည်။ ထိုဂါထာအဆုံး၌ တိဿမထေရ် အရဟတ္တဖိုလ်သို့ ရောက်ရှိလေသည်။

ထို့ကြောင့်—

ယနေ့ ပူဇနီယမင်္ဂလာကို အခြေခံထားပြီး အာမိသပူဇာဖြင့်လည်းကောင်း၊ ကျင့်ဝတ်ပဋိပတ်ဖြင့်လည်းကောင်း ပူဇော်ကြရတဲ့ကုသိုလ်ကောင်းမှု အဖြာဖြာ ပထမစေတနာကြောင့် အာယု,ဝဏ္ဏ,သုခ,ဗလဟူသော အကျိုးတရားတို့ဖြင့် ပွားတိုးမှုရရှိပြီးလျှင် ဓမ္မအရသာကိုသောက်သုံးကာ အမတာစခန်း နိဗ္ဗာန်နန်းသို့ ရည်မှန်းတိုင်းရောက်ရှိနိုင်ကြပါစေလို့ တောင့်တပန်ဆင်ကာ နိဂုံးချုပ်လိုက်ပါသည်။

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ

အဘိဓဇမဟာရဋ္ဌဂုရု သက်တော်ရှည် မြို့မဆရာတော်ဘုရားကြီး၏

ပသံသာရမာဂုဏ်ကျေးဇူးတော်များကို ဖော်ကျူးလျက်

ပဲခူးတိုင်း သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဦးသာသန၏

# ချောက်ထားလွှာ

၁၃၄၅-ခု၊ နတ်တော်လပြည့်ကျော် (၅)ရက်၊ ၁၉၈၃-ခု ဇန်နဝါရီလ ၄-ရက် လွှတ်လပ်ရေးနေ့တွင် သက်တော်ရှည် မြို့မဆရာတော်ဘုရားကြီးအား အဘိဓဇ-မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းကြောင်း နိုင်ငံတော်ကောင်စီ၏ အမိန့်ကြေငြာစာအမှတ်(၁/၈၃)ကို ကြားသိရလျှင်ပင်—

ပြည်နယ်နှင့်တိုင်း သာသနာပြုဌာနအသီးသီးရှိ ဆရာတော်ကြီး၏ တပည့်ကြီးငယ်အသွယ်သွယ်တို့က မိသားစုစိတ်ထားဖြင့် သိုက်မြိုက်စည်ကားစွာစုပေါင်းညီညာ ပူဇော်ပွဲမင်္ဂလာ ဆင်ယင်ကျင်းပရဦးမည်ဟူ၍လည်းကောင်း၊

ဆရာတော်ဘုရားကြီး အဓွန့်ရှည်ကြာ သာသနာတော် ပြုနိုင်ရေးအတွက် ပစ္စည်းလေးပါးရေစင်ဖြင့် သွန်းလောင်းပေးကြသော တပည့်ဒါယကာ ဒါယိ-ကာမအပေါင်း သူတော်ကောင်းတို့သည်လည်း သဒ္ဓါစိတ်ရွှင်ရွှင်ဖြင့် ပူဇာမင်္ဂလာသဘင် ဆင်ယင်ကျင်းပကြပြီး ကုသိုလ်စေတနာတိုးတက် စည်ပင်ကြပေဦးမည်ဟူ၍လည်းကောင်း ဝမ်းမြောက်ကြည်နူးမိပါသည်။

ဆရာတော်ဘုရားသည် ငယ်စဉ်ကပင် ပင်ပန်းဆင်းရဲခံကာ ပညာရှာမှီးခဲ့ပြီး ၁၂၉[illegible]-ခု၊ သက်တော်(၁၅)နှစ်၊ သိက္ခာ(၁၅)ဝါ အချိန်မှစ၍ သက်တော်(၈၇)နှစ်တိုင်အောင် စာပေပရိယတ်များ ပို့ချတော်မူခဲ့ပြီး မြို့မ စာသင်တိုက်ကြီးကို သုည္ဌမှစ၍ ပြုစုပျိုးထောင်ကာ အခက်အခဲအမျိုးမျိုးကို သည်းခံခြင်းခမာလက်နက်ဖြင့် ခုခံကျော်လွှားလျက် ဇွဲလုံ့လသန်သန်ဖြင့် တည်ထောင်ဖန်ဆင်းတော်မူခဲ့ပါသည်။

ဆရာတော်ဘုရားသည် ပရိယတ်တာဝန်ကို ထမ်းဆောင်ယင်း ပဲခူးမြို့နယ်အတွင်းရှိ ပဝါရဏာ(၁၀)ဌာနမှ သံဃာတော်များကိုစုစည်းကာ(၁၀)ပဝါရဏာဌာနဥက္ကဋ္ဌအဖြစ်ဖြင့် သံဃာ့စည်းဝေးပွဲကြီးတွင် ဆရာငင်းဖြစ်သည့် အဘိဓဇ-မဟာရဋ္ဌဂုရု မစိုးရိမ် ဆရာတော်ဘုရားကြီးအား ပဲခူးသို့ ပင့်ဆောင်ပူဇော်ပြီး

လျှင် သာသနာပြု နိကာယ်စာမေးပွဲကြီးကို နှစ်စဉ်မပျက် တာဝန်ခံကျင်းပ၍ စာပွဲဝင် ရဟန်းသာမဏေတို့၏နှုတ်ဖျား၌ နိကာယ်ဓမ္မက္ခန္ဓာများကို ကိန်းဝပ်တည်နေစေရန်—

နိကာယော အာသယော မယှံ၊ နိကာယော ဌာနစက်မံ။
ကပ္ပေမိ နိကာယေ ဝါသံ၊ နိကာယော မမ ဂေါစရော—

ဟူသော သိဒ္ဓိအန္တိုးဂါထာဖြင့် ပို့ဆောင်ပေးတော်မူခဲ့ပါသည်။

၁၃၄၁-ခုနှစ် (၁၉၇၀-ပြည့် လွတ်လပ်ရေးအောင်ပွဲ)နေ့တွင် နိုင်ငံတော်ကောင်စီက အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းပါသည်။

၎င်းနှစ်ပင် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီး ဖြစ်မြောက်ရေးအတွက် ဖွဲ့စည်းသော သံဃာ့ဝန်ဆောင်ဆရာတော် ၆၆-ပါးတွင် ပဲခူးအခြေခံဒေသမှ ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရပါသည်။

ထိုမှတဆင့်တက်၍—

(၁) သံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌ၊

(၂) ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့ကြီး၏ ဥက္ကဋ္ဌ၊

(၃) နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ၊

(၄) နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ-အဖြစ်ဖြင့် အဆင့်ဆင့် ရွေးချယ်တင်မြှောက်ခြင်းကို ထူးကဲစွာဖြင့် သာသနာ့သမိုင်းတွင် မော်ကွန်းတင်ခဲ့ပါသည်။ ဆရာတော်ဘုရားသည် မြန်မာနိုင်ငံတဝန်းလုံးရှိ သံဃာ့ဂိုဏ်းကြီး ၉-ဂိုဏ်း၊ ကျောင်းပေါင်း လေးသောင်းသုံးထောင် ခြောက်ရာခုနှစ်ဆယ့်ခုနှစ်ကျောင်း၊ ရဟန်းတော်ပေါင်း တသိန်းကိုးထောင် သုံးဆယ့်နှစ်ပါးတို့၏ သံဃာ့ဆန္ဒတော်ဖြင့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌတာဝန်ကို ဆောင်ရွက်ရာ၌ သက်တော်ကြီးပြီ-ဟု နောက်ဆုတ်အားလျော့ ပေါ့ပေါ့တန်တန်မနေပဲ နေ့မအား ညမလပ် ထက်သန်တက်ကြွသော သဒ္ဓါဆန္ဒလုံ့လဝီရိယတို့ဖြင့် စွမ်းစွမ်းတမံ ဆောင်ရွက်လမ်းညွှန်တော်မူခဲ့ပါသည်။

ထိုသို့ မြေကြီးအထုကဲ့သို့ နှိုင်းတု၍မရနိုင်လောက်သော သီလဂုဏ်၊ မြင်းမိုရ်တောင်မင်းပမာ မယိမ်းမယိုင် ခိုင်မာသော သမာဓိဂုဏ်၊ သိကြားလက်နက် ဝရဇိန်စက်အလား ထက်မြက်ကြီးမားသော ပညာဂုဏ်တော်တို့ကြောင့် နိုင်ငံတော်ကောင်စီက အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းပူဇော်ခြင်းကို ထိုက်ထိုက်တန်တန်အလှူခံတော်မူရသည့်အပြင် သန်းကျော်မက

များပြားလှသော ရဟန်းရှင်လူပြည်သူအပေါင်းတို့၏ ခညောင်းပူဇော် ကြည်ညို မှုကို တနေ့တခြား တိုး၍တိုး၍ ခံယူရရှိနေမည်သာဖြစ်ပါကြောင်းကို ဆုတောင်း ပတ္ထနာပြုယင်း နိဂုံးချုပ် ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်ဘုရား။

**ဦးသာသန**

ဥက္ကဋ္ဌ

တိုင်းသံဃနာယကအဖွဲ့

ပဲခူးတိုင်း၊ ပဲခူးမြို့။

(၁ - ၁ - ၈၄)

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ

အဘိဓဇမဟာရဋ္ဌဂုရု မြို့မဆရာတော် ဘုရားကြီးအား

ဂုဏ်ပြုချီးကျူးပူဇော်ပွဲတွင်

ပဲခူး မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဦးသုဇာတ၏

# အဘိဓဇ ဂုဏပူဇာ လျှောက်ထားလွှာ

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု သက်တော်ရှည် မြို့မဆရာတော် အရှင်သူမြတ်ဘုရား—

ပဲခူးမြို့နယ် သံဃနာယကတပည့်များက အားရဝမ်းမြောက်ခြင်းပီတိအဟုန် နှလုံးခေတ်အာရုံဖြင့် ရိုသေမြတ်နိုး မာန်ညွန့်ကျိုး၍ ရှိခိုးလျှောက်ထားအပ်သည်ကို သနားငဲ့ညှာ ခွင့်ပြုတော်မူပါအရှင်ဘုရား။

ဆရာတော်အရှင်သူမြတ်ဘုရား—

နိုင်ငံတော်ကောင်စီ၏ (၁/၇၃)ကြေငြာချက်ထွက်လာသည့်နေ့မှစ၍ ဆရာတော်ဘုရား၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ကြောင့် ထိုက်တန်သော အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ကို နိုင်ငံတော်ကောင်စီမှ ဆက်ကပ်လှူဒါန်းခြင်း ဖြစ်ပေသည်-ဟု ဝမ်းမြောက်ကြည်နူးမိရပါသည်ဘုရား။

ကျေးဇူးတော်ရှင် သက်တော်ရှည် မြို့မဆရာတော် အရှင်သူမြတ်ဘုရား—

ဆရာတော်ဘုရားသည် ရဟန်းဖြစ်စ ငယ်ရွယ်စဉ်အခါမှစ၍ မြန်မာပြည်တလွှား ကျော်ကြားတော်မူသော အဂ္ဂမဟာပဏ္ဍိတ ချောင်းဦးဓမ္မာရုံဆရာတော်၊ အဘိဓဇမဟာရဋ္ဌဂုရု မန္တလေးမစိုးရိမ်ဆရာတော်၊ ပခုက္ကူ မဟာဝိသုတာရာမ ဆရာတော်တို့ အထံ နည်းခံသင်ကြားခဲ့၍ ဆရာကောင်း တပည့်ပီသလှပါသည်ဘုရား။

ဆရာတော်အရှင်သူမြတ်ဘုရား—

ဆရာ့နည်းကို နိဿရည်းကျကျ သိပ်သည်းစွာ သင်ယူခဲ့သည့် အလျောက် သက်တော် ၃၅-နှစ်အရွယ် လျှင်ဘေး သိမ်ပျက် ကျောင်းပျက်များ ကြားမှ သီးခံခြင်း ခန္တီတရားလက်ကိုင်ထားကာ မလျော့သော ဇွဲ လုံ့လဝီရိယတော်ဖြင့် ဝါးထရံကာ ဓနိမိုး ကျောင်းငယ်ဖြင့် အစပျိုးပြီးလျှင် တည်ထောင်လာခဲ့ရာ—ယနေ့အောင်မြင်တိုးတက်နေသော မြို့မစာသင်တိုက်နှင့် တပည့် စာသင်သား

များထဲမှ ငယ်-လတ်-ကြီး ကျော် ဓမ္မာစရိယ ဝိနယပါရဂူ စေတိယင်္ဂဏ ဓမ္မာစရိယ ဒီဃဘာဏကနှင့် သံဃာ့အဖွဲ့အစည်း အသင်းသီးတို့တွင် သက်ဆိုင်ရာ တာဝန်ကို ထမ်းဆောင်နေကြသည့် သံဃနာယကများ ဝိနည်းဓိုရ်များ ပေါ် ထွက် လာသည့်အတွက် တပည့်ကောင်း ဆရာတဆူ ဖြစ်တော်မူပါသည်ဘုရား။

ကျေးဇူးတော်ရှင် ဆရာတော်အရှင်သူမြတ်ဘုရား-

ဆရာတော်ဘုရားသည် သက်တော် ၃၅-နှစ် အရွယ်တော်မှစ၍ သက်တော် ၈၇-နှစ် ယနေ့တိုင်အောင် စာပေပို့ချသင်ကြားပေးခြင်း ပရိယတ်လုပ်ငန်းစဉ် အားလပ်ချိန်အကြား ကိုယ်ကျင့်တရားကိုပွားများခြင်း ပဋိပတ်လုပ်ငန်းစဉ်များ အပြင် သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် သက်တော် ရွယ် တော်နှင့်မလိုက် မမောနိုင်မပန်းနိုင် ကိုယ်အပင်ပန်း စိတ်အပင်ပန်း ခံတော်မူ လျက် အဘက်ဘက်မှ သာသနာအကျိုးအတွက် ဆောင်ရွက်တော်မူနေ သည်ကို ယနေ့တိုင် မျက်ဝါးထင်ထင်ဖူးမြင်နေရသည့်အတွက် အထူး ဘဝင်ကြည် နူးလောက်အောင် ရှင်မြူးဝမ်းမြောက်မိပါသည်ဘုရား။

ကျေးဇူးတော်ရှင် သက်တော်ရှည် ဆရာတော် အရှင်သူမြတ်ဘုရား-

ဆရာတော်ဘုရားသည် ယခုကဲ့သို့ သက်တော်ကြီးရင့်ပေမယ့် ခန္ဓာကိုယ်ကို မငဲ့မညှာ သာသနာအကျိုး သည်ပိုးဆောင်ရွက်နေသည့်ကြားမှ တပည့်တပန်း ရဟန်းရှင်လူ ပြည်သူအပေါင်းတို့၏ တကြိမ်ဦးချလျှင် ဖူးမြင်၍ မဝနိုင်လောက် အောင် သီလ-သမာဓိတန်ခိုးတော်ကြောင့် ရူပကာယတော် ကြည်လင်ခြင်း ဂုဏ်မှာ အံ့ချီးမကုန်နိုင်အောင် ရှိလှပါသည်ဘုရား။

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော် အရှင်သူမြတ်ဘုရား-

ဆရာတော်ဘုရား၏ ဩဝါဒမိန့်ခွန်းအများထဲမှ-

(က) ဂန္ထဓုရကို အခြေခံထားကာ ပရိယတ်,ပဋိပတ်, ပဋိဝေဓဟု ဆိုအပ် သော သုံးဖြာသော သဒ္ဓမ္မတို့ကို တပည့်စဉ်ဆက် စောင့်ရှောက် နေထိုင်ကြရန်၊

(ခ) သာသနာပြုရေး၌ သည်းခံခြင်းခန္တီတရားကို လက်ကိုင်ထားကာ ဤပဲခူးမြို့မှာဖြစ်စေ၊ အခြားသောမြို့ရွာဒေသများမှာ ဖြစ်စေ မကြာ ခဏ စည်းဝေးပေါင်းဆုံကြသဖြင့် ရှေးကထက်တိုး၍ တပါးနှင့် တပါး အကျွမ်းတဝင် ခင်မင်ရင်းနှီးကြဖို့ရာ တိုက်တွန်းလိုက်ပါ သတည်း-ဟူသော သက်တော် (၇၅)နှစ်မြောက် ပူဇော်ပွဲ ဩဝါဒ

တော်ကို ဦးထိပ်ရွက်ပန်ဆင်ကြကုန်လျက် ဆရာတော်၏ တန်ဖိုးမဖြတ်နိုင်သော ဩဝါဒတော်များသည် သာသနာတော်၏ မီးရှူးတိုင်ကြီးသဖွယ် ဖြစ်သည့်အပြင် သန်းပေါင်းများစွာသော ရဟန်းရှင်လူ ပြည်သူအများတို့၏ နှလုံးသားကို ရှင်လန်း ချမ်းမြေ့စေနိုင်ပြီး အကြိမ်ကြိမ် ဦးချ၍ ဖူးလို့မဝနိုင်လောက်အောင် ဩဝါဒတော်ပေးနိုင်သည့် ပြည်သူ့ဆရာဖြစ်တော်မူပါသည်အရှင်ဘုရား။

အဘိဓဇမဟာရဋ္ဌဂုရု မြို့မဆရာတော် အရှင်သူမြတ်ဘုရား—

ဆရာတော်ဘုရားသည်သာသနာတော်သန့်ရှင်းတည်တန့်ပြန့်ပွားရေးအတွက် နေ့မအား ညမလပ် မပြတ်ကြိုးစား ဆောင်ရွက်တော်မူသော သာသနာပြု ပြည်သူ့ဆရာတပါးဖြစ်တော်မူသည့်အားလျော်စွာ အောင်မြင်မှုအပေါင်းပြည့်စုံတော်မူပြီးလျှင် သက်တော်ရာကျော်ရှည်၍သာသနာတော်အကျိုးကိုဆထက်တံ၍ ဆောင်ရွက်နိုင်ပါစေသောဝ်ဟု ဆုမွန်ကောင်းစုပေါင်းတောင်းဆိုကြယင်းဖြင့် ဆရာတော်ဘုရား၏ သာသနာတော်ရေးဆိုင်ရာ ကြိုးပမ်း ဆောင်ရွက်ချက်များသည် သာသနာသမိုင်း၌ မော်ကွန်းတွင်နေရစ်မည့် ပြည်သူ့ဆရာတပါးဖြစ်ပါပေသည် အရှင်ဘုရား။

ဦးသုဇာတ

ဥက္ကဋ္ဌ

မြို့နယ်သံဃနာယကအဖွဲ့

မဲခူးမြို့

(၃၀-၁၂-၈၃)

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ

အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့ရ ပဲခူးမြို့မဆရာတော်ဘုရားကြီးအား

ချီးကျူးဂုဏ်ပြုပွဲ၌ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်

ဦးကြည်ညွှန့် ၏

# လျှောက်ထားလွှာ

ရှိသေစွာ လျှောက်ထားအပ်ပါသည် ဘုရား–

တပည့်တော်တို့ သာသနာတော်ကြီးမှာ မြတ်စွာဘုရား ပညတ်တော်မူသည့် ဝိနည်းသိက္ခာပုဒ်တော်များကို ချိုးဖောက်နေသူ ရှင်လူအချို့နှင့် မြတ်စွာဘုရား တရားတော်ကို အလွဲလွဲအမှားမှား ယူဆပြောဟော ရေးသားနေသူ ရှင်လူ အချို့ကို တွေ့ကြရ မြင်ကြရ ကြားကြရ သိကြရသောအခါ– "သာသနာ တော်ကြီး ပျက်စီးတော့မည်လော" ဟု တွေးတောစိုးရိမ် ပူပန်နေသူများ ရှိကြ ပါလိမ့်မည်။

ယင်း ပုဂ္ဂိုလ်များအား အသျှဉ်းသင့်ခိုက် ကြုံကြိုက်တုန်းဖြစ်၍ ဤ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့ရ ပဲခူး မြို့မ ဆရာတော်ဘုရားကြီး ဂုဏ်ပြုပွဲမှာ တပည့်တော် အဖြေပေး လိုက်ချင်ပါ သည်ဘုရား၊ အဖြေပေးခွင့် ပြုတော်မူပါဘုရား။

ရှိသေစွာလျှောက်ထားပါသည်ဘုရား–

တပည့်တော်တို့ မြတ်ဗုဒ္ဓရှင်တော်ဘုရားသည် ကမ္ဘာပေါင်းလေးအသင်္ချေနှင့် တသိန်းကြာအောင် ဘဝပေါင်းများစွာ ပါရမီဆယ်ပါးကို ဖြည့်ကျင့်ဆည်းပူးပြီး လောကသုံးပါးမှာ အတုမရှိ အမြင့်ဆုံး အမြတ်ဆုံး ပုဂ္ဂိုလ်ထူးကြီး သဗ္ဗညုတ ဘုရားရှင် ဖြစ်ပြီးမှ ဟောကြား တည်ထောင်ထားသည့် သာသနာတော် ဖြစ်ပါသည်။နွယ်နွယ်ရရ သူသုံးပါးလို သာမညလူစားများ တည်ထောင်ထားသည့် သာသနာမဟုတ်ပါ။

(က) ဤသာသနာကို ဖျက်ဆီးရန်အတွက် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံသည် နှင့်တပြိုင်နက် 'တို့ကို ချုပ်ချယ်မယ့်သူ မရှိဘူး၊ လုပ်ချင်ရာ လုပ်နိုင်ပြီ" လို့ ကြွေး ကြော်သူကို တွေ့ရတော့ "သာသနာဖျက်ဆီးမည့် ရန်သူရှိပြီ၊ ကာကွယ်မှဖြစ် တော့မည်" ဟု ကြိုတင်သိရှိကာ သာသနာ့ရန်ကိုကာကွယ်မည့် သာသနာ့ အာဇာနည်ပုဂ္ဂိုလ်ကြီး အရှင်မဟာကဿပ ပေါ်ထွန်းလာပြီး ပထမသံဂါယနာ တင်တော်မူကာ သာသနာပျက်မည့် ဘေးအန္တရာယ်ကို ကာကွယ်နိုင်ခဲ့ပါသည်။

(ခ) နောက် သာသနာနှစ်အားဖြင့် နှစ်ပေါင်းတရာခန့်ရောက်တော့ သာသနာမှာနေပြီး သာသနာတော်နှင့် မသင့်လျော်မညီညွတ်သည့်–

၁။ အရက်အပျော့စားကို သောက်ကောင်းသည်၊

၂။ ရွှေငွေ ပိုက်ဆံများကို အလှူခံကောင်းသည်–

စသည့် မှားယွင်းသောအယူအဆရှိသည့် ရဟန်းဆိုးများပေါ်ပေါက် လာပြန်ပါသည်။ အရှင်ယသအမည်ရှိ သာသနာ့အာဇာနည် ပုဂ္ဂိုလ်ကြီး ပေါ်ထွန်းလာပြီး ယင်းအယူဝါဒများကို တရားနှင့်အညီ ဆုံးဖြတ်နှိမ်နင်း၍ ဒုတိယသံဂါယနာတင်နိုင်ခဲ့ပါသည်။

(ဂ) နောက် သာသနာနှစ်အားဖြင့် နှစ်ပေါင်း နှစ်ရာ့သုံးဆယ်ခန့် ကြာသောအခါ မြတ်စွာဘုရား သာသနာမှာနေပြီး မြတ်စွာဘုရား တရားတော်နှင့် မညီညွတ်သည့်–

၁။ ဝတ်ဆင်နေထိုင်သွားလာမှုများ၊

၂။ ဟောပြောသင်ကြားမှုများ–

ပေါ်လာပြန်ပါသည်၊ ယင်း သာသနာ့ဘေးဆိုးများကိုလည်း အရှင်မဟာမောဂ္ဂလိပုတ္တတိဿ အမည်ရှိ သာသနာ့အာဇာနည်ကြီး ပေါ်ထွန်းလာပြီး ယင်း သာသနာ့ဘေးရန်များကို နှိမ်နင်း၍ တတိယသံဂါယနာ တင်နိုင်ခဲ့ပါသည်။

(ဃ) နောက် သာသနာနှစ်အားဖြင့် နှစ်ပေါင်းလေးရာခန့် ကြာသောအခါ မြတ်စွာဘုရား တရားတော်များကို မဆောင်ရွက်နိုင်သည့် ရဟန်းတော်များ ကသာများ၍ ဆောင်ရွက်နိုင်သည့် ရဟန်းတော်များက နည်းပြီး သာသနာ ကွယ်နိုင်သည်ကို သိမြင်တော်မူကြကာ အရှင်မဟာဓမ္မရက္ခိတအမည်ရှိ သာသနာ့အာဇာနည်ကြီး ပေါ်ထွန်းလာကာ ဦးဆောင်လျက် မြတ်စွာဘုရား တရားတော်များကို ပေရွက်များပေါ်မှာ စာလုံးများရေးကူး၍ စတုတ္ထသံဂါယနာ တင်ခဲ့ကြပါသည်။

(င) နောက် သာသနာနှစ်အားဖြင့် နှစ်ပေါင်း နှစ်ထောင့်လေးရာခန့် ကြာသောအခါ မြတ်စွာဘုရား တရားတော်များ ပေရွက်ပေါ်မှာ ရေးသားရုံဖြင့် စိတ်မချရ၊ ဆွေးမြည့်ပျက်စီးသွားနိုင်သည်ဟု စိုးရိမ်တော်မူကြကာ ကျောက်ပြားများပေါ်မှာ ရေးထွင်းပြီး ဒက္ခိဏာရာမ ဘုရားကြီးဆရာတော် အရှင်ဇာဂရ အမည်ရှိ သာသနာ့အာဇာနည်ပုဂ္ဂိုလ်ကြီးက ကြီးမှူးလျက် ပဉ္စမသံဂါယနာ တင်ခဲ့ပါသည်။

(စ) ထို့နောက် သာသနာတော်နှစ် နှစ်ထောင့်ငါးရာခန့်ကာလ ရောက်သောအခါ မြတ်စွာဘုရား၏ တရားတော်များကို စက္ကူမူစာအုပ်များဖြင့် ရိုက်နှိပ်သည့် စာပုံနှိပ်တိုက်အချို့များမှ စာမူပါဠိအမျိုးမျိုး ကွဲပြားစွာ ရိုက်နှိပ်ကြပြန်ရာ သာသနာတော်ကို ထိခိုက်နိုင်သောကြောင့် ယင်း ပိဋကတ်စာမူ အမျိုးမျိုးကို တညီတညွတ်တည်း ဖြစ်စေရန် ပဥ္စမသံဂါယနာတင် ကျောက်စာမူကို ပဓာနထားပြီး—

မြန်မာပြည်ရှိမူများ၊

သီဟိုဠ်နိုင်ငံမူများ၊

ယိုဒယားနိုင်ငံမူများ၊

ကမ္ဘောဒီးယားနိုင်ငံမူများ၊

လောနိုင်ငံမူများ၊

အင်္ဂလိပ်အက္ခရာမူများ—

ဟူသော မူအစောင်စောင်နှင့် ညှိနှိုင်းပြင်ဆင်ကာ ဆဋ္ဌသံဂါယနာ တင်တော်မူကြသည်။

ယင်းဆဋ္ဌသံဂါယနာပွဲ၌ အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရတော်မူကြသည့် ညောင်ရမ်းဆရာတော် ဘဒ္ဒန္တရေဝတ၊ မစိုးရိမ်ဆရာတော် ဘဒ္ဒန္တသူရိယ၊ ပခုက္ကူမြို့ မဟာဝိဇယာရာမ်တိုက်ဆရာတော် ဘဒ္ဒန္တဇဝန၊ မဟာဝိသုတာရာမတိုက်ဆရာတော် ဘဒ္ဒန္တသုန္ဒရ-ဟူသော သာသနာ့အာဇာနည် ပုဂ္ဂိုလ်ထူးကြီးများ ပေါ်ထွန်းကြီးမှူးတော်မူကြသည်။

ယင်း သာသနာ့အာဇာနည်ပုဂ္ဂိုလ် မဟာထေရ်ကြီးများ ကြီးမှူးသည့်သံဃာတော် နှစ်ထောင့်ငါးရာပါဝင်သော ဆဋ္ဌသံဂါယနာပွဲ၌ပင်လျှင် သာသနာတော်သန့်ရှင်းတည်တံ့ ပြန့်ပွားရေးကို ဖြစ်စေနိုင်မည့် ဓမ္မဝိနယ အမိန့်တော်ပြန်တမ်းကိုလည်း ထုတ်ပြန်တော်မူကြသည်။ ယင်းအမိန့်တော်ပြန်တမ်းမှာ ဝိနည်းတော်အတိုင်း လိုက်နာကျင့်သုံးကြရန် ရဟန်းတော်များအား သတိပေးနှိုးဆော်သည့် အမိန့်ပင်ဖြစ်ပါသည်။ ယင်းဓမ္မဝိနယ အမိန့်တော်ပြန်တမ်း၌ ရွှေ ငွေ ဖိုက်ဆံ မခံရ။ ပြကိုင်ရ၊ ပွဲလမ်းသဘင်မကြည့်ရစသည့်အချက် (၁၂)ချက်ပါရှိသည်။

(ဆ) ထို့နောက် သာသနာနှစ် နှစ်ထောင့်ငါးရာ နှစ်ဆယ်ငါး (၂၅၂၅) သို့ ရောက်သောအခါ ဆဋ္ဌသံဂါယနာတင်အမိန့်တော်ပြန်တမ်းနှင့် မညီညွတ်ပဲ ဆန့်ကျင်ရုံမျှမက ပါရာဇိက သိက္ခာပုဒ်ကိုပင် ကျူးလွန်နေကာ ရဟန်းကောင်းဟန်ဆောင်သူအချို့၊ ဗုဒ္ဓဝါဒကိုထိပါးစော်ကားသည့် အဓမ္မဝါဒီ အချို့

ပေါ်ပေါက်လာသောကြောင့် သာသနာတော်သန့်ရှင်းတည်တံ့ ပြန့်ပွားမှုကို လုပ်ဆောင်ရန် လိုအပ်လာပေတော့သည်။

သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို ဆောင်ရွက်နိုင်မည့် သာသနာ့အာဇာနည်ပုဂ္ဂိုလ်ကို စူးစမ်းရှာဖွေသောအခါ မြန်မာပြည်ရှိ နှစ်သိန်းကျော်မျှသော သံဃာတော်များက ယခုချီးကျူးပူဇော်ပွဲ ပြုလုပ်နေဆဲဖြစ်သည့် အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့ရ ပဲခူးမြို့မဆရာတော် ဘဒ္ဒန္တဝိလာသာဘိဝံသ စာရကို တညီတညွတ်တည်း ရွေးချယ်တင်မြှောက်ခဲ့ပါသည်။

မြို့မဆရာတော်ကြီးကို ရွေးကောက်တင်မြှောက်လိုက်ခြင်းမှာ အလွန်သင့်လျော်လှပါသည်။ ဆရာတော်ကြီးသည် ရှေးရှေး အရှင်မဟာကဿပအစရှိသော သာသနာပြု သာသနာ့အာဇာနည်ပုဂ္ဂိုလ်ကြီးများကဲ့သို့ပင်–

ဖြူစင်သောသီလဂုဏ်၊

တည်ကြည်သောသမာဓိဂုဏ်၊

စူးရှထက်မြက်သော ပညာဂုဏ်၊

တက်ကြွစွဲမြဲသော ဝီရိယဂုဏ်၊

မတုန်မလှုပ်သော ခန္တီဂုဏ်၊

ချစ်ခင်ကြင်နာတတ်သော မေတ္တာကရုဏာဂုဏ်–

စသော ဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူပါသည်။ ယင်းသို့ ဂုဏ်တော်များနှင့် ပြည့်စုံသောကြောင့်ပင် သာသနာတော် သန့်ရှင်း တည်တံ့ပြန့်ပွားရေးကို ဆောင်ရွက်အောင်မြင်ခဲ့ပါသည်။ နောင်လည်း ဆက်လက်၍ အောင်မြင်မှု ရလိမ့်မည်ဟု ယုံကြည်ကြပါသည်။

ဤသာသနာ့သမိုင်းကြောင်းကို ပြန်လည် လေ့လာသုံးသပ်ကြည့်သောအခါ သာသနာတော်ပျက်စီးလုနီးနီး အားနည်းလာသောအခါတိုင်း သာသနာ့အာဇာနည်ကြီးများ ပေါ်ထွန်းလာတတ်သည့် ထုံးတမ်းစဉ်လာရှိပါသည်။ ထို့ကြောင့် သာသနာတော်ကြီးအတွင်းမှာ မသင့်မလျော်သည့် အချက်အလက်အချို့ကို တွေ့မြင်ရသောကြောင့် သာသနာတော်ကြီး ပျက်စီးလုနီးပြီလောဟု စိုးရိမ်နေသူများအား မစိုးရိမ်မပူပန်ကြပါနှင့်၊ သာသနာတော်သည် သဗ္ဗညုတဉာဏ်တော်ရှင် ဘုရားသခင်တည်ထောင်တော်မူသည့် သာသနာဖြစ်ပါသည်။ သာသနာတော်ကို စောင့်ရှောက်မည့် အဘိဓဇမဟာရဋ္ဌဂုရု မြို့မဆရာတော်ကြီးကဲ့သို့သော သာသနာ့အာဇာနည်များ ပေါ်ထွန်းစောင့်ရှောက်တော်မူကြပါလိမ့်မည်ဟု ဖြေကြား၍ အားပေးစကားပြောဆို လျှောက်ထားလိုပါသည် ဘုရား။

၁၉၇၄-ခုနှစ်၊ ဇန်နဝါရီလ (၁)ရက်နေ့တွင်
ပဲခူးမြို့ မြို့မစာသင်တိုက် နိကာယမဓမ္မဗိမာန်၌ ပြုလုပ်သော
အဘိဓဇမဟာရဋ္ဌဂုရု ချီးကျူးဂုဏ်ပြုပူဇော်ပွဲတွင်
ပဲခူးတိုင်း ပြည်သူ့ကောင်စီဥက္ကဋ္ဌကြီး၏

# လျှောက်ထားလွှာ

ရိုသေလေးမြတ်စွာ လျှောက်ထားအပ်ပါသည်ဘုရား–

အဘိဓဇမဟာရဋ္ဌဂုရု ကျေးဇူးတော်ရှင် မြို့မ ဆရာတော်ဘုရားကြီးအား ချီးကျူးဂုဏ်ပြုပူဇော်ပွဲ အခမ်းအနား၌ ဂုဏ်ပြုလျှောက်ထားခွင့် ပူဇော်ခွင့်များ ရရှိသဖြင့် နှစ်တောင်းအားရ ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါကြောင်းဦးစွာ လျှောက်ထားအပ်ပါသည်ဘုရား။

သုံးလောကထွတ်ထား သဗ္ဗညု မြတ်စွာဘုရားသည် လောကသားတို့၏ အကျိုးစီးပွားအတွက် ပွင့်ထွန်းပေါ်ပေါက်တော်မူလာခဲ့ပါသည်။ ဘုရားရှင် ပွင့်ထွန်းတော်မူသဖြင့် လောကသားတို့အတွက် ရေတွက်၍ မကုန်နိုင်သော ကောင်းကျိုးအဖြာဖြာကို ရရှိခဲ့ကြပါသည်ဘုရား။ ဘုရားတဆူပွင့်ပေါ်လာခြင်း သည် ဒုလ္လဘဖြစ်သကဲ့သို့ ဘုရားရှင်သာသနာအတွင်းမှာ တပည့်တော်များ လူ ဖြစ်လာရခြင်းသည်လည်း ဒုလ္လဘပင်ဖြစ်ပါသည်ဘုရား။

ရခဲသောအရာများကို ရရှိကြသော မြန်မာပြည်ဖွား တပည့်တော်များသည် ကံကောင်းထောက်မသည်ဟု ဆိုနိုင်ပါသည်ဘုရား။

ပဲခူးတိုင်း ပဲခူးမြို့သူမြို့သား နယ်သူနယ်သားများ အနေဖြင့် ရခဲခြင်း တပါး ထပ်မံရရှိခံစားကြရသဖြင့် အထူးပင် ဝမ်းမြောက်ကြည်နူး ဖြစ်ကြရပြန် ပါသည်ဘုရား။ ဒုလ္လဘော ပုရိသာဇညော-ဆိုသည့်အတိုင်း ယောကျ်ားဇာနည် မဟာထေရ်တပါး ပေါ်ထွန်းလာခြင်းအတွက် ဝမ်းမြောက်ဂုဏ်ယူမဆုံး ရှိကြပါ သည်ဘုရား။

ဇာနည်ယောကျ်ား ပုဂ္ဂိုလ်မွန်များသည် နေရာတိုင်းမှာ ပေါ်ထွန်းသည် မဟုတ်၊ ပေါ်ထွန်းရာ အရပ်ဒေသသည် ငြိမ်းအေး ရသာ သုခချမ်းသာကို ခံစားရသည်ဟူသောအဆိုအမိန့်များနှင့် ညီညွတ်စွာ မှီခိုအားထား တပည့် ဒါယကာ ဒါယိကာမများနှင့် တိုင်းကားပြည်သူ ခပ်သိမ်းသူတို့ ချမ်းသာ သုခ ရရှိခဲ့ကြပါသည်ဘုရား။

သာဓကအနည်းငယ်ကို တင်ပြ၍ လျှောက်ထားလိုပါသည်ဘုရား။

ပဲခူးမြို့နယ် သုဓမ္မာနိကာယ၏ ဦးစီးနာယကဖြစ်တော်မူသော ကျေးဇူးတော်ရှင် သက်တော်ရှည် ဆရာတော်ဘုရားကြီး၏ ဩဝါဒကို ခံယူနေထိုင်လျက် သီတင်းသုံးတော်မူကြသော သံဃာတော်များသည် ဆရာတော်ဘုရားကြီး၏ ဩဝါဒရိပ်ဝယ် ညီညွတ်စွာ သီတင်းသုံးနေထိုင်ကြခြင်းဖြင့် သံဃဖာသု ချမ်းသာမှုအပြည့်အဝရရှိတော်မူကြခြင်းသည် အနီးကပ်ဆုံး မြင်သာသည့်သာဓကတရပ်ပင် ဖြစ်ပါတော့သည်ဘုရား။

ယမန်နေ့က ပြုလုပ်ခဲ့သည့် သံဃာတော်များ၏ ဩဝါဒခံယူပွဲသည် သင့်မြတ်လှသဖြင့် ဝမ်းမြောက်လှပါကြောင်း ဖြည့်စွက်သည့်အနေ လျှောက်ထားအပ်ပါသည်ဘုရား။

သံဃာတော်များ ညီညွတ်သဖြင့် ခံစားရသော သုခချမ်းသာသည် သံဃာတော်များသာ ရရှိခံစားရခြင်း မဟုတ်ပဲ ဆည်းကပ်ကိုးကွယ်သူ ဒါယကာ ဒါယိကာမများပါ ခံစားကြရပါသည်။ ကျန်းမာခြင်း၏တန်ဖိုးသည် နာတာရှည်ရောဂါ စွဲကပ်လာသောအခါ ပိုမိုထင်ရှားသကဲ့သို့ သံဃာညီညွတ်ခြင်း၏ သုခချမ်းသာသည် သံဃာမညီညွတ်သော အရပ်ဒေသရှိ ရဟန်းရှင်လူတို့ စိတ်မချမ်းမြေ့ဖွယ်ရာ အဖြာဖြာနှင့် နှိုင်းစာသောအခါမှ ပိုမိုထင်ရှားလှပါသည်ဘုရား။

ပဲခူးမြို့သူမြို့သား၊ နယ်သူနယ်သားများနှင့်တကွ အများပြည်သူတို့သည် ကျေးဇူးတော်ရှင် မြို့မဆရာတော်ဘုရားကြီးကို အမှီပြု၍ ရရှိခဲ့သော ချမ်းသာအဝဝသည် များပြားလှပါသည်ဘုရား။ ဖော်ပြလျှောက်ကြားခဲ့သော သုခအကျိုးတခုသည်ပင် ဆရာတော်ဘုရားအား ပြန်လည်ပေးဆပ်၍ မကုန်နိုင်သော ကျေးဇူးပင် ဖြစ်ပါသည်ဘုရား။ ထို့ကြောင့် အဘိဓဇမဟာရဋ္ဌဂုရု မြို့မဆရာတော်ဘုရားကြီးသည် အများပြည်သူ ခပ်သိမ်းသူတို့၏ ကျေးဇူးရှင်အစစ်ဖြစ်တော်မူပါသည်ဘုရား။

ဇာနည်ယောကျ်ား၊ အလွန်ရှား၏
များပြားနေရာ၊ မဖြစ်ပါပဲ
ဖြစ်လာပြန်မူ၊ ထိုသူဖြစ်ရာ
ရပ်ရွာအမျိုး၊ ချမ်းသာတိုး၏–

ဟူသော ဓမ္မပဒလာ ဒေသနာနှင့်အညီ ဆရာတော်များ ရေးစပ်ထားသော လင်္ကာသည် ဤသဘောပင် ဖြစ်သည်ဟု သက်ဝင်မိပါသည်ဘုရား။

နိုင်ငံတော်မှ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ခြင်းသည် သာသနာတော်ကို ချီးမြှောက်ခြင်းဖြစ်ပါသည်။ သာသနာတော်ကို ချီးမြှောက်ရာတွင်

အစစ်ခြံအကျဆုံးဖြစ်သည့် ပရိယတ္တိ သာသနာ့တာဝန်ကို ထက်မြက်စွာ ထမ်းဆောင်သည့် ဆရာတော်ဘုရား၏ ဖြစ်တော်စဉ်အတ္ထုပ္ပတ္တိကို လေ့လာလျှင် ပရိယတ္တိသာသနာ့တာဝန်ကို အားသွန်ခွန်စိုက် ထမ်းဆောင်ခဲ့သည်ကို ကြည်ညိုဖွယ် ရာ တွေ့ရပါသည်ဘုရား။ ဒေါတိရပ်ရွာ ဝမ်းဘဲအင်းကျေးရွာဦးရှိစဉ် ရှင်ပြုရဟန်းငယ်ဘဝမှ စ၍ ပရိယတ္တိစာပေများကို ဆည်းပူးခဲ့ရာ မန္တလေး၊ ပခုက္ကူ အစရှိသော မြို့များရှိ စာတတ်အကျော် ဆရာတော်များထံ ဆည်းကပ်၍ ပိဋကတ်အရာ ပါရဂူရောက် တတ်မြောက်အောင် လေ့လာဆည်းပူးသည်ကိုလည်း တွေ့ရပါသည်ဘုရား။ မိမိတတ်မြောက်ပြီးနောက် ယာမုလက်ရှိ မြို့မစာသင်တိုက်ကြီးကို တည်ထောင်၍ အနယ်နယ်အရပ်ရပ်မှ လာရောက် ဆည်းပူးကြသည့် စာသင်သား သံဃာတော်များအား ပြန်လည်ပို့ချ၍ ပရိယတ္တိသာသနာ့တာဝန်ကို အားသွန်ခွန်စိုက် ထမ်းဆောင်ခြင်းကိုလည်း မျက်ဝါးထင်ထင် တွေ့မြင်နေရပါသည်ဘုရား။

ပခုက္ကူမြို့တွင် ကျင်းပလျက်ရှိသော စာမေးပွဲများကို အားပေးချီးမြှောက်သည့် အပြင် သာသနာရေးအသင်းအဖွဲ့အသီးသီး၏ ဩဝါဒါစရိယအဖြစ် ဆောင်ရွက်သည်ကိုလည်း တွေ့ရပါသည်ဘုရား။ တပည့်တော်များ ပခုက္ကူနိုင်ငံ ပြည်သူ ကောင်စီက ကြီးကြပ်၍ ဖွဲ့စည်းပေးခဲ့သော မြို့နယ်ဆရာတော် ဂေါပက အဖွဲ့၊ ရွှေသာလျောင်းရုပ်ပွားတော် ဂေါပကအဖွဲ့နှင့် မဟာစေတီတော် ဂေါပက အဖွဲ့များ၏ ဩဝါဒါစရိယဆရာတော်အဖြစ် ဆောင်ရွက်တော်မူခြင်းဖြင့် ဝမ်းသာ အားရ ဖြစ်ရပါသည်ဘုရား။

သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရေးအတွက် ဂိုဏ်းပေါင်းစုံ သံဃာ့ အစည်းအဝေးကြီး ဖြစ်မြောက်ရေး ကိုယ်စားလှယ် (၆၆) ပါး ရွေးချယ်ရာတွင် ဆရာတော်သည် ပခုက္ကူအခြေခံဒေသ သံဃာ့ဦးဆောင် ဆရာတော်များ၏ ဆန္ဒအရ သက်တော်ရွယ်တော်ကိုမထောက် ကိုယ်စားလှယ် တက်ရောက် ခဲ့ပြီး (၆၆) ပါးအဖွဲ့ တွင် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည့်အတွက် တပည့် တော်များ ဂုဏ်ယူမဆုံး ရှိခဲ့ပါသည်ဘုရား။ ယင်းသို့ ဥက္ကဋ္ဌအဖြစ် ဆရာတော် အား ရွေးချယ်ကြခြင်းသည် ဆရာတော်၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ် စသော ကျေးဇူးဂုဏ်တို့ကြောင့်ပင် ဖြစ်ပါသည်ဘုရား။ ဂိုဏ်းပေါင်းစုံ သံဃာ့ အစည်းအဝေးကြီး ဖြစ်မြောက်လာသောအခါ ဆရာတော်အား နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့၏ ဥက္ကဋ္ဌ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ ဥက္ကဋ္ဌ အဖြစ် သံဃာ့ဆန္ဒအရ တင်မြှောက်ကြပြန်သောအခါ တိုး၍တဖန် ကြည်ညိုမှု ဝမ်းမြောက်မှု ဖြစ်ရပြန်ပါသည်ဘုရား။ ဂိုဏ်းပေါင်းစုံ သံဃာတော်များ ညီညွတ်မှုရသဖြင့် ပြည်သူတို့၏ ဝမ်းမြောက်မှုသည် အတိုင်းမသိပင် ဖြစ်ပါ တော့သည်ဘုရား။

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်ကောင်စီသည် ၁၉၈၀-ပြည့်နှစ် ဘွဲ့တံဆိပ်တော်များ လှူဒါန်းပူဇော်ခဲ့ရာ ထိုနှစ်တွင် ဆရာတော်ဘုရားအား အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကို ဆက်ကပ်ခဲ့ပါသည်၊ "ပုဂ္ဂလဝိသေသော ဇာနိတဗ္ဗော" ဆိုသည့်အတိုင်း နိုင်ငံတော်မှ ပုဂ္ဂလဝိသေသ သာသနာ့အာဇာနည်များကို ရွေးချယ်ချီးမြှောက်ခြင်း၊ အသိအမှတ်ပြုကြေငြာခြင်းဟု ဆိုရပါမည်ဘုရား။ ပူဇော်ထိုက်သောပုဂ္ဂိုလ်များအား ပူဇော်ခြင်းလည်း ဖြစ်ပါသည်ဘုရား။

၁၉၈၃-ခုနှစ်တွင် အဘိဓဇမဟာရဋ္ဌဂုရု ဟူသော မြန်မာပြည်ဗုဒ္ဓသာသနာတော်၏ အထွတ်အထိပ်ဖြစ်သော ဘွဲ့တံဆိပ်ဖြင့် ဆရာတော်အား ဆက်ကပ်ပူဇော်ခဲ့ပါသည်။ ထိုအခါ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်း ခံရစဉ်က ဝမ်းသာခြင်းမျိုးသာမက အားရကျေနပ်ခြင်းပါ ဖြစ်ရပါသည်ဘုရား။ သံဃာတော်များက သံဃပိတုအရာ ထားကြသကဲ့သို့ ပြည်သူအများက ပြည်သူ့ဆရာအဖြစ် တင်ထားအပ်ပါတော့သည်ဘုရား။

နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ကြီး၏ ဥက္ကဋ္ဌ ကျေးဇူးတော်ရှင် သက်တော်ရှည် မြို့မဆရာတော်ဘုရားကြီးသည် အဘိဓဇမဟာရဋ္ဌဂုရု ပြည်သူ့ဆရာအစစ် ကေန်ဖြစ်ပါတော့သည်ဘုရား။ နိုင်ငံတော်မှ ဘွဲ့တံဆိပ်တော်ဖြင့်လည်းကောင်း၊ ဆွမ်းဆန်တော်ဝတ္ထုငွေ လှူဒါန်းခြင်းဖြင့် လည်းကောင်း၊ ကြည်း, ရေ, လေ အခမဲ့လက်မှတ်များ လှူဒါန်းခြင်းဖြင့် လည်းကောင်း ပူဇော်သကဲ့သို့ အများပြည်သူတို့ကလည်း အဘိဓဇမဟာရဋ္ဌဂုရု ချီးကျူးဂုဏ်ပြုပူဇော်ပွဲကြီး ကျင်းပ၍ ပူဇော်ကြခြင်းအတွက် တပည့်တော်များ ပဲခူးတိုင်း ပြည်သူ့ကောင်စီက ဝမ်းသာအားရ ကျေနပ်လှပါကြောင်း လျှောက်ထားအပ်ပါသည်ဘုရား။

ပဲခူးတိုင်း ပြည်သူ့ကောင်စီသည် ဆရာတော်များ ဆောင်ရွက်လျက်ရှိသော သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးကိစ္စများကို မျက်ခြည်မပြတ်စေပဲ လိုအပ်သလို ကူညီပံ့ပိုး ဆောင်ရွက်လျက်ရှိပါသည်ဘုရား။ ဆရာတော်များ ဂိုဏ်းပေါင်းစုံအစည်းအဝေးကြီး၏ ဆုံးဖြတ်ချက်များ ထမြောက်အောင်မြင်ရေးအတွက် စီမံချက်ဖြင့် လုပ်ဆောင်ရန်ရှိသည်များကို စီမံချက်ရေးဆွဲ၍ ဆောင်ရွက်ခြင်း၊ ဥပဒေလုပ်ထုံးလုပ်နည်းများအရ ကူညီပံ့ပိုး ဆောင်ရွက်ဖွယ်များကို ကူညီပံ့ပိုး ဆောင်ရွက်လျက်ရှိပါသည်ဘုရား။

နိဂုံးချုပ်အားဖြင့် ဆရာတော်ဘုရား သက်တော်ရှည်၍ သာသနာတော်အကျိုး အောင်မြင်စွာ သည်ပိုးနိုင်ပါစေဟု ပတ္ထနာပြုပါကြောင်း ရိုသေလေးမြတ်စွာ လျှောက်ထားအပ်ပါသည် အဘိဓဇမဟာရဋ္ဌဂုရု ပြည်သူ့ဆရာ ကျေးဇူးတော်ရှင် ထိပ်ခေါင်တင် အရှင်သူမြတ်ဘုရား။

ပြည်တောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်ရော်ရ
မြို့မဆရာတော်ဘုရားကြီး ဘဒ္ဒန္တကုန္ဒာစာရအား
ဂုဏ်ပြုပူဇော်ပွဲသဘင်တွင်
သာသနာရေးဦးစီးဌာန လက်ထောက်သုတေသနမှူး
ဦးမင်းကြည် (ဓမ္မာစရိယ, ဘီအေ)
ရေးသားဖတ်ကြားပူဇော်သော

# ဆေရဂုဏထုတိဘာသိတဝန္ဒနာဂါထာ

ဘဒ္ဒန္တကုန္ဒာစာရော နေ့ာ၊ မြို့မထေရောတိ ပါကဋော။
ဟရိတွာ သာသနဘာရံ၊ ယုဝမှာ ယာဝဇ္ဇတနံ။
ကုသရေန အဂ္ဂမဟာ–ပဏ္ဍိတေန ဟိ ပူဇိတော။
ဌပိတော ဥက္ကဋ္ဌဘာဝေ၊ သဗ္ဗသံဃေန အာဒရံ။
မရမ္မရဋ္ဌိဿရိယေန၊ အဇ္ဇ ဝန္ဒာမ တံ ဂုရုံ။
အဘိဓဇမဟာရဋ္ဌ-ဂုရုလက္ခေန ပူဇိတံ။

နေ့ာ၊ ဆရာ့အဆုံးအမ နာယူကြလျက် ဆရာ့ထံပါး ခ,ဝပ်တွားသည့် လေးစားကော်ရော် တပည့်တော်တို့၏။ မြို့မထေရောတိ ပါကဋော၊ စာသင်သားတည်းဟူသော ပျားပိတုံးတို့၏ စာပေပရိယတ်တည်းဟူသော ပန်းဝတ်ရည်တို့ကို စားသုံးရာဌာန မြို့မစာသင်တိုက်ကြီးဟူ၍ အံ့ချီးဖွယ်ဂုဏ်ရည် ပျံ့နှံ့သည့်ကြောင့် တွင်မည်နာမ ထေရအကျော် မြို့မဆရာတော်ဘုရားဟု ပေါ်လွင်ထင်ရှားတော်မူပေထသော။ ဘဒ္ဒန္တကုန္ဒာစာရော၊ အရှင်ကုန္ဒာစာရ ဘွဲ့နာမဖြင့် ထေရဂုဏ်ရည် မြန်ပြည်ကျော်ကြား မြို့မဆရာတော်ဘုရားကြီးသည်။ ယုဝမှာ၊ လေးတန်းအောင်၍ လူ့ဘောင်ကိုခွါ သာမဏေဘောင်ဝင် ငယ်စဉ်ကာလ ကိုရင်ဘဝမှ။ ယာဝဇ္ဇတနံ၊ ရှစ်ဆယ်သက်တော် ခြောက်နှစ်ကျော်လျက် ရွယ်တော်ကြီးဂုဏ် ပညာစုံ၍ ကုံလုံသမာဓိ စွမ်းသတ္တိကြောင့် ပြည်ရှိသံဃာ ဂိုဏ်းတကာ၏ ပဓာနနာယက ဥက္ကဋ္ဌဟု ထေရအကျော် ဆရာတော်ဘဝ ယနေ့ကျအောင်။ သာသနဘာရံ၊ သုံးဝသာသနာ စည်ပင်လာအောင် မကွာနေ့ည ထမ်းဆောင်ရသည့် များစွာ့ထွေထွေ သာသနာ့တာဝန်တွေကို။ ဟရိတွာ၊ ပို့ချစာဝါ ဆုံးမကာဖြင့် ကျမ်းစာရေးသား လှုံ့လထားလျက် မအားရအောင် ကြိုးစား၍

ရှက်ဆောင်တော်မူသောကြောင့်။ ဣဿရေန၊ မြန်မာ့လူ့ဘောင် တိုးတက်အောင်ဟု ရှက်ဆောင်ကြိုးကုတ် အားထုတ်နေကြ နိုင်ငံတော်အစိုးရသည်။ သော မဟာထေရော၊ သီလရန့် မွေးပျံ့သင်းထုံ ဂုဏ်ဖြင့်ကျော်ကြား ထို မြို့မဆရာတော်ဘုရားကြီးကို၊ အဂ္ဂမဟာပဏ္ဍိတေန–အဂ္ဂမဟာပဏ္ဍိတလဉ္ဆနေန၊ အဂ္ဂမဟာပဏ္ဍိတဟု နာမ ဖွဲ့ချီတ် ဘွဲ့တံဆိပ်ဖြင့်။ ပူဇိတော၊ ဆရာတော့်ဂုဏ်သင်းထုံပြန့်လွှမ်း အာရုံမှန်းလျက် လှူဒါန်းပူဇော် ဆက်ကပ်တော်မူခဲ့ရပါပြီဘုရား။

ဟိ၊ ထုံမျှမကာ သံဃာ့ဂိုဏ်းစုံ စည်းဝေးဆုံ၍ ဂုဏ်တင်လေးစား အရေးထားလျက် အားကိုးတော်မူလိုက်ကြပုံမှာ။ သဗ္ဗသံဃေန၊ သာသနာတွင်း ရန့်သင်းပြီး ယန့်ရှင်းပယ်ညတ္တံ အရှည်ခန့်၍ ပြန့်ပွားစေရန် စိတ်ရည်သန်လျက် သံဃာ့ဂိုဏ်းစုံ တွေ့ဆုံသာကြ သမ္မုတိရသည့် များလှဘိတောင်း သံဃာတော်အပေါင်းသည်။ (သော မဟာထေရော၊ သီလရန့် မွှေးပျံ့သင်းထုံ ဂုဏ်ဖြင့်ကျော်ကြား ထိုမြို့မဆရာတော်ဘုရားကြီးကို။) ဥက္ကဋ္ဌဘာဝေ၊ နိုင်ငံတော်သံဃမဟာနာယက ပဓာနအဖြစ် ဥက္ကဋ္ဌ ဆရာတော်ဘုရားကြီး ဟူသော သံဃာ့ပေတိအဖြစ်၌။ အာဒရံ၊ ဆရာတော့်ဂုဏ် ယုံကြည်သောအား အရေးထားလျက် လေးစားခါခါ ရှိသေစွာဖြင့်။ ဌပိတော၊ ညီညွတ်သောအားမကွဲပြားပဲ တင်ထားတော်မူအပ်ခဲ့ပါပြီဘုရား။

အဇ္ဇ၊ တစ်ထောင့်သုံးရာ လေးဆယ်သာသည့် ငါးဖြာစွန်းလစ် ယခုနှစ်ကျပြန်ကော့။ ဧရမ္မရဋ္ဌသာ ရိုမယနာ၊ ပြည်လုံးကို သိမ်းကြုံးမူတည် ကိုယ်စားပြုရသော ပြည်သောင်စု ဆိုဖွယ်လက်သမ္မတ မြန်မာနိုင်ငံတော်ကောင်စီသည်။ အဘိဓဇမဟာရဋ္ဌဂုရုဂေကဿန၊ ပြည်သူပြည်သား လူအများတို့ လေးစားမြတ်မှန် တံခွန်အလံ ပမာဟန်ဖြင့် မြှင့်ရန်ဟင်ထိပ် အဘိဓဇမဟာရဋ္ဌ ဂုရုဟူသော ဘွဲ့တံဆိပ်ဖြင့်။ ပူဇိတံ၊ လေးစားပူဇော် ဆက်ကပ်တော်မူအပ်ပြီးသော။ တံ ဂုရုံ၊ အစိုးရပိုင်း ပြည်သူပိုင်းနှင့် ဂိုဏ်းပေါင်းစုံနေ့ သံဃာတော်တို့ ပူဇော်လေးစား နိုင်ငံအတွင်း ပျံ့သင်းအင်ရှားတော်မူသော ထိုမြို့မဆရာတော်ဘုရားကြီးကို။ အဇ္ဇ၊ တစ်ထောင့်သုံးရာ လေးဆယ်သာသည့် ငါးဖြာစွန်း ခုနှစ်ဆီဝယ် မိုးရာသီပြောင်းခဲ့၍ ဆောင်းအလှည့်သူတာဝန် ငွေနှင်းရည်ဖြာဖြာသန်တော့ လေသဝဏ်ချီချီသွေးတဲ့၍ အေးမြသောအခါသမယ နတ်တော်လပြည့်ကျော် (၁၃)ရက်ဟူသော ဤယနေ့ဤနေရာ ဤအချိန်ဤအခါ၌။ မယံ၊ ပဲခူးမှည့်ခေါ် ရွှေမြို့တော်မှ ပူဇော်လိုလား ဤစိတ်ထားဖြင့် စောင့်စားငံ့မျှော် တပည့်တော်တို့သည်။ ဝန္ဒာမ၊ ယခုကဲ့သို့ ပဲခူးမြို့တွင် နှစ်လိုဖွယ်ရာ ဂုဏ်ယူကာဖြင့် ကြည်သာဆင်နွှဲ အဘိဓဇမဟာရဋ္ဌဂုရုပူဇော်ပွဲမှာ စိတ်ထားမြတ်နိုး ဦးနှိမ်လျှိုး၍ ရှိခိုးကန်တော့ကြပါကုန်၏ ဆရာတော်သခင် အရှင်သူမြတ်ကြီးဘုရား။

အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကုမာရာစာရ



၁၃၄၅-ခုနှစ် နယုန်လပြည့်နေ့(၂၅.၆.၈၃) စနေနေ့ကမ္ဘာအေးလိုဏ်ဂူတော်၌
အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်
သာသနာရေးဝန်ကြီးဦးဝေါသိမ်းဆက်ကပ်နေပုံ။

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ
ပဲခူးမြို့မ စာသင်တိုက်
အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော်ကြီးဘုရား
ဆရာကြီးဦးဆန်းထွန်း(မန်းတက္ကသိုလ်)
လျှောက်ကြားပူဇော်အပ်သော

# ဆောမနဿဘာစာ

သိရှိဖြ ရဏ္ဍ....

သိရှိ၊ ဘုန်းနှင့်ပညာ ရောင်ဝါတောက်ဖြိုး ကျက်သရေမင်္ဂလာ အပျိုးမျိုး သည်။ အတ္တ၊ မင်္ဂလာ မင်္ဂလာ သဘင်မဟာအညွန့်အဖူးမှာ ကွန့်မြူးကာညွှန့်နေ ပါစေသောဝ်။

ဘန္တေ၊ အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု ကျေးဇူးတော်သခင် အရှင်ဆရာတော်ကြီးဘုရား။ တော၊ကျေးဇူးတော်သခင် အရှင်ဆရာတော်ကြီး အား။မေ၊ ဆန်းထွန်းမည့်ခေါ် တပည့်တော်၏။ အဘိဝါဒနံ'ရွှေးရှုကိုယ်နေ ဂိုသေ လုစွာ လက်ယာ, လက်ဝဲ ယှက်တွဲတင်ချီ အဉ္ဇလိပဏာမ နာမသညာကို ကင်းမွာရင့်ကျူး ပွင့်ဖူးကြာပဒုံ ခြေတော်စုံကို ခိုလှုံနဖူးတိုက် ဦးခိုက်ရှိခိုးခြင်း သည်။ အတ္တ၊ ဖြစ်ပါစေသတည်း။

ပါဒဂ္ဂဟဏံ အဘိဝါဒနံ ဝေ့ နာမဂေါတ္တပုတ္တပုဗ္ဗကဿ နမက္ကာရ-ဂိသေသဿ။

(အဓိဂုဏဘာသာ၊ အဓိရပိဋကဋီကာ နှာ-၁၃၆။)

သိရှိဖြ

တစ်ကြိမ်,နှစ်ကြိမ်
သုံး, လေးကြိမ်တည့်
ငါးကြိမ်,ခြောက်ကြိမ်
အကြိမ်ခြားနား
သားမယား,ကျေးကျွန်
ရေးမွန်မိတ်ဆွေ

ဇိတ်မပြေရန်သူ
မှန်ကူသနင်း
မင်းစိုးသခင်
အရှင်ဆရာ
စဉ်ကာမှတ်ရ
ပတြကောမုဒီ
ကျမ်းရှိအလို
သီရိကို ခြောက်ကြိမ်
ရစ်ကာလိမ်၍
ပန်းထိမ်ငိုပန်း
ခြောက်ခိုင်လန်းဖြင့်
ဆန်းထွန်းမှည့်ခေါ်
တပည့်တော်က
ကော်ရော်ထောမနာ
ဩဘာစကား
လျှောက်ထား ဆက်သွင်းပါသည်ဘုရား။

ဆ ဂုမ္ဗ သာမိန် ပဥ္စ၊ ဒွေ ဘစ္စေ စတုရော ရိပူ။
ဩ့ သမ္ဗန္ဓံ ဝယံ မိတ္တော၊ ကောကံ ပုတ္တာဒါရိသု။

(ဝရရုစိဆရာစီရင်သော ပတြကောမုဒီကျမ်း။)

ယဒိ သန္တိ ဂုဏာ ပုံသံ၊ ဝိကသန္တေဝ တေ သယံ။
န ဟိ ကတ္ထူရိကာမောဒေါ၊ သပထေန ဝိဘာဝျတေ။

ပုံသံ၊ ယောက်ျားတော်တကာ အာဇာနည်ပုဂ္ဂိုလ်ထူးတို့၏။ ဂုဏာ၊ ဂုဏ်အရည်အချင်းတို့သည်။ ယဒိ သန္တိ၊ အကယ်၍ အကယ်၍ မုချတကယ်ရှိကြပါမူကား။ တေ၊ ထိုတကယ့်ဂုဏ် အရည်အချင်းတို့သည်။ သယမေဝ၊ သူတို့အလိုလိုသာလျှင်။ ဝိကသန္တိ၊ တိုင်းကားနယ်ပယ် ဗိုလ်ပုံလယ်၌ တင့်တယ်ကျော်ကြား ကားကားရွှင်ရွှင် ပွင့်လာကြသောကုန်၏။ ဟိ၊ မှန်လှလေသော ခိုင်အောင်ပြောအံ့။ ကတ္ထူရိကာမောဒေါ၊ ကတိုရ်းကောင်ချက် ဖယ်လျက်ပါလာ ကတိုရ်းခွါ၏ လေလာ

တိုင်းပျံ့ ကတိုရ်းနှံ့သည်။ သပတေနှ၊ အမွေးနှံ့ပျက် မတက်စေသား ကျိန်စာအား ဖြင့်။ နဝိဘာဗျတော၊ အနံ့ဟူသည်မှာ ဂုဏ်,ဂုဏ်ဟူသည်မှာ ပကာသန,သဘော ဆက်သွယ်သမို့ ပျက်ပြယ် တိမ်မြုပ်ခြင်း မဖြစ်နိုင်ပါ။

သမဏယသဋ္ဌေသနော၊ ဘိသေကေဟိ ဘိသိဋ္ဌကော။

ဝိပုလဗုဒ္ဓိ အပ္ပာဒိ၊ ဂုရုန္တော်တိ နုဟော ဘဝံ။

ဘန္တေ၊ အရှင်မြတ်ကြီးဘုရား။ ဘဝံ၊ အရှင်ဆရာတော်ဘုရားကြီးသည်။ သမဝယသဋ္ဌေသနော၊ ပညာဘက်စုံ မျက်ကုံပြည့်လတ် ပရိယတ်ပါဝင်နှ သာဋ္ဌကထဋီကာဝယ် ဝဇီရာဝုဓ် စက်သွားခုတ်သို့ မဆုတ်မနစ် စွန့်စားသဖြင့် ရွှံ့ရှားခြင်းကင်းလွတ် အထွတ်အထိပ် ပုဂ္ဂိုလ်ကြီး ဖြစ်တော်မူပါသတည်း။

သမဝယသဋ္ဌေသနောတိ ဧတ္ထ အဝယာတိ အနူနာ၊ သဋ္ဌာတိ ဝိသဋ္ဌာ၊ သမ္မာ အဝယာ သဋ္ဌာ သေနာ အဿာတိ သမဝယ သဋ္ဌေသနော၊ သမ္မာ ဝိသဋ္ဌသဗ္ဗသေနောတိ အတ္ထော။

(စတုက္ကနိပါတ်၊ အင်္ဂုတ္တရဋ္ဌကထာ စသည်)

အဘိသေကေဟိ——

(၁) သာမဏေရာဘိသိက်၊
(၂) ဥပသမ္ပဒါဘိသိက်၊
(၃) ဓမ္မာစရိယာဘိသိက်၊
(၄) ဥပဇ္ဈာစရိယာဘိသိက်၊
(၅) ဓမ္မကထိကာဘိသိက်၊
(၆) ဂန္ထဟာရကာဘိသိက်၊
(၇) သံဃာဘာရနိတ္ထာရကာဘိသိက်၊
(၈) သံဃာဘာရနိတ္ထာရကသာမိတိ ပခါနာဘိသိက်၊
(၉) ရဋ္ဌိယ သံဃမဟာနာယကသာမိတိ ပဓာနာဘိသိက်၊
(၁၀) အဂ္ဂမဟာပဏ္ဍိတာဘိသိက်၊
(၁၁) အဘိဓဇမဟာရဋ္ဌဂုရုအဘိသိက်—

တို့ဖြင့်။ အဘိသိဋ္ဌတော၊ မင်းနှင့်ပြည်သူ ကြည်ညိုသူန်းမြှောက်အပ်သော ပုဂ္ဂိုလ်မြတ်ကြီး ဖြစ်တော်မူပါသတည်း။

ဝိပုလဗုဒ္ဓိ၊ အင်္ဂကထာ ဋီကာနှင့်စပ်လျဉ်းက အကျဉ်းကိုအကျယ် အကျယ်ကို အကျဉ်း စိုးစဉ်းကြပ်ရှုပ် ပါဠိနေငုပ်ကို မငုပ်အောင်ရှင်း လင်းဖြိုးကိုပိုသာလို့ရာသို့ရောက်အောင်သယ် အလွယ်ကိုအခက် အခက်ကိုအလွယ် အလဲအလှယ် ချောက်ချား ခြောက်ပါးသောဆရာ့ဂုဏ်အင် စုံလင်ပြန့်ပြော အံ့ဩဖွယ်ဉာဏ်တော်ကြီးလည်း ရှိတော်မူပါသတည်း။

> သဒ္ဒေ့ပဝိတ္တာရေသု ဋ္ဌတရိတနေ့ကရေဏံ၊ အပ္ပသန္ထပ္ပသန္ထာဒီ
> ပသာဒုပ္ပါဒနာဘိဝုစ္စိကရဏံ၊ ဥတ္တာနဂမ္ဘီရာနံ ဂမ္ဘီရုတ္တာနဘာဝကရဏာနံ့
> ဇဝ် သဗ္ဗိမာစရိယဂုဏယောဂတော ဝိပုလဗုဒ္ဓိ နာမ။
>
> (ဝဇိရဗုဒ္ဓိဋီကာနိဂုံး)

ဘဖန္တ၊ အရှင်မြတ်ကြီးဘုရား။ ဘဝံ၊ အရှင်ဆရာတော်ဘုရားကြီးကို။ အဋ္ဌာဒိဂုရုဓန္တာတိ၊ အဘိစပြု ဂုရုအဆုံး ဆယ်လုံးတိကျ အဘိဓမ္မဟာရင့်ဂုရုဟု။ ရမန္တန၊ ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်က။ နုဟော၊ ဟုဝေါ၊ သီလ သမာ ပညာကြီးကဲ့သဖြင့် ချီးဝှဲပူဇော်အပ်ပါပြီဘုရား။

ဦးဆန်းထွန်း(မန်းတက္ကသိုလ်)ရေးသားရွတ်ဖတ်ပူဇော်သည်။

၁၉၇၄-ခုနှစ် ဇန်နဝါရီလ ၁-ရက်နေ့[illegible]

ပဲခူးမြို့၊ မြို့မစာသင်တိုက် နိကာယဓမ္မဗိမာန်၌ [illegible]

အဘိဓဇမဟာရဋ္ဌဂုရု ချီးကျူးပူဇော်ပွဲ အခမ်းအနား[illegible]

ရန်ကုန်မြို့၊ ဆရာအတတ်သင်သိပ္ပံ ကထိက ဗာဆိုတော် ဒေါ်သင်းသင်ကြူ[illegible]

ရွတ်ဆိုပူဇော်သော

# ထုတ်မင်္ဂလာ ပိုဒ်ခံ့ရတုလွှာ

ရေးသားပူဇော်သူ ပဂလာ ဦးအောင်မြင့်

ပြုပန်းမဥ္ဇူ။ ။ကက္ကူရှယက်၊ မွေးကြူသ[illegible]၊ မွှေးဖြူလှ၍၊ [illegible]ကြူးတ[illegible]၊ ကျွင့်ဝသီဖြင့်၊ တူညီဝ.စိတ်၊ မြက်ဂုဏ်ပတ်ကို၊ နိမိတ်[illegible]၊ မင်္ဂလာဖြင့်၊ ဣန္ဒာစာရ၊ ဘွဲ့တော်သ၍၊ ခိမ္မ[illegible]၊ ရွယ်ပေါ်ဓမ္မ၊ သာသနာ့[illegible]၊ ခုတိုင်အောင်လျှင်၊ ဂုဏ်ရောင်ကျေးဇူး၊ ထိန်ထိန်မြူး[illegible]၊ ပဲခူးမြို့မ၊ [illegible]ာလယ၊ အာရာမကို၊ စ,၍ဖန်တီး၊ တည်ထောင်ပြီးသော်၊ စောက်းမြတ်စွာ၊ သာသနာကို၊ နေဝါလဝန်း၊ မကထွန်းအောင်၊ ဖော်ညွှန်းဆောင်ရွက်၊ အချက်ချက်တည့်၊ ရေတွက်မကုန်၊ ကျေးဇူးဂုဏ်ကြောင့်၊ ဝသုန်လျှင်၊ ပွဲတင်တော်လဲ၊ ကောင်းကင်ကွဲမျှ၊ ပွဲကြီးသဘင်၊ နတ်လူယင်လျှင်၊ ရွှင်မြှင်ပျော်ပျော်၊ အနုမော်ဖြင့်၊ ပူဇော်ကြအင်၊ ကဗျာယဉ်ဖြင့်၊ လကာချိုရှန်၊ လျှောက်တင်ညွှန်းသည်.... အောင်ခွန်း ရွှေစာပင်ဘုရား။

လစန်းယာဉ်ဖြူ။ ။သိတဂူလျှင်၊ တိမ်မြူဆီးနှင်း၊ လူရိန်ကင်းမူ၊ သန့်ရှင်းရောင်ဝါ၊ တိုး၍သာသို့၊ ပမာထွံ့တူ၊ သဗ္ဗညူ၏၊ သုံးလူမြတ်စွာ၊ သာသနာလည်း၊ ပတ်ချာတွင်းပြင်၊ ညစ်ကြေးစင်မူ၊ ကြည်လင်သန့်ရှင်း၊ တိုး၍လင်းလိမ့်၊ မယွင်းအံ့လောက်၊ မိဇာန်မြောက်လျက်၊ ပေါ်ပေါက်အံ့ငှာ၊ သာသနာရန်စောင်၊ မိစ္ဆာမှောင်ကို၊ သောင်နှယ်ဖြိုခွင်း၊ တောင်နယ်နင်းလျက်၊ ရှင်းအောင်ဆောင်ရွက်၊ အချက်ချက်ကြောင့်၊ အကူရေးဆယ်လုံး၊ ပန်းနှယ်[illegible]၊ ထိပ်ဆုံးသီရိ၊ မြတ်ခေါင်ထိတည်၊ အဘိဓဇမဟာရဋ္ဌဂုရု၊ [illegible]၊ တံဆိပ်တော်ကို၊ မြန်ပေါ်ဦးကိုင်၊ အာဏာပိုင်တို့၊ ရှိပြိုင်ဆက်[illegible]၊ [illegible]ခြင်းကြောင့်၊ ထင်လင်းရောင်ဝါ၊ ရွှေးထက်သာ၍၊ ဆရာတော့ဂုဏ်၊ [illegible] အောက်ထက်၊ ကျော်အောင်တက်လျက်၊ လက်လက်ရှန်းရှန်၊ [illegible] ထွန်းသည်....ထောင်ဝန်း နေဝါသွင်ဘုရား။

ကြွပြန်းယှဉ်တူ။ ။ထေရ်နှစ်ဆူတည့်၊ ဇမ္ဗူမရမ္မ၊ ရာမညဒ္ဒ၊ ဘုရာ့သာသနာ၊ ကြွပဲ့သာသည့်၊ ရဟန္တာသခင်၊ အရှင်သောဏ၊ ဥတ္တရတို့၊ နွယ်မှဆက်ကာ၊ သန္တိစင်လာ၍၊ ဆရာတော်သခင်၊ ထေရ်အရှင်သို့၊ အစဉ်ရောက်ဘိ၊ ခုတိုင်ထိရှင့်၊ ဇာတိစဉ်ကြွယ်၊ အန္တယ်မြတ်မွန်၊ သီလဝန်သေက္ခ၊ ဂုဏ်မူလနှင့်၊ ဓမ္မရာဇ၊ လောကအမ္မူ၊ အစုစု၌၊ ဗဟုသုတ၊ ဗလဝလျှံဖြာ၊ သမ္ပဒါကြောင့်၊ မဟာသံဃ၊ နာယကဌာ၊ ဥက္ကဋ္ဌကြီး၊ တင်မြှောက်ပြီးက၊ ပြည့်ထီးတံခွန်၊ ဘွဲ့မြတ်မွန်ကို၊ လူးရှုန်ဆက်သ၊ လှူခံရ၍၊ ရှင်ပြုဝမ်းသာ၊ ဒကာနတ်လူ၊ သောဇသာဆူမျှ၊ ပျူပါမျိုးစုံ၊ အာ့ဖုံနှင့်၊ အာရုံကြည်ဖြူ၊ ပူဇော်လှူ၍၊ ဆုယူရှုပ်ညွှန်း၊ ပြသာထွန်းသည်....**တောင်ကျွန်း ခေမာခွင်ဘုရား**။

အဘိဓမ္မမဟာရဋ္ဌဂုရု ချီးကျူးပူဇော်ပွဲအခမ်းအနားနှင့်
ပူဇော်ပွဲကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ
ပဲခူးမြို့နယ်ပြည်သူ့ကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးရွှေရိုး၏

# ရေစက်ချစာတမ်း

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ၊ အဘိဓမ္မမဟာရဋ္ဌဂုရု သက်တော်ရှည်မြို့မဆရာတော်အမှူးရှိသော ဆရာပဓာန်သံဃာတော် အရှင်သူမြတ်တို့ဘုရား

တပည့်တော်တို့သည် ဤနေ့ ဤရက် ဤအချိန်အခါ၌ အဘိဓမ္မမဟာရဋ္ဌဂုရု ချီးကျူးဂုဏ်ပြုပူဇော်ပွဲ အခမ်းအနား ပြုလုပ်၍ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓမ္မမဟာရဋ္ဌဂုရု သက်တော်ရှည်မြို့မဆရာတော်ဘုရားကြီးအား ဂုဏ်ကျေးဇူးကို ဖော်ကျူးမြွက်ဟ ပူဇော်ရခြင်း၊ လှူဖွယ်ပစ္စည်းအသီးသီးတို့ကို ဆက်ကပ်လှူဒါန်း ပူဇော်ရခြင်းစသော ကုသိုလ်ကံနှင့် ထိုကုသိုလ်ကံ၏ အကျိုးတရားများသည် ကောင်းမြတ်သော လူ့နတ်နိဗ္ဗာန် သုံးတန်သော ချမ်းသာကို ပေးစွမ်းနိုင်သည် စွဲမြဲယုံကြည်ကြပါကုန်သည်ဖြစ်၍ ဆရာတော်ဘုရားထံမှ သရဏဂုံ သုံးပါးနှင့်တကွ ငါးပါးသီလတော်မြတ်တို့ကို ခံယူဆောက်တည်ကြပါကုန်၏ ဘုရား။

ဆရာတော်ဘုရား အမှူးထားအပ်သော သံဃာတော် အရှင်သူမြတ်တို့ကို ဆွမ်းဆက်ကပ်ခြင်း၊ ကြွရောက်လာသော ဧည့်ပရိသတ်တို့အား ကျွေးမွေးဧည့်ခံခြင်း၊ လှူဒါန်းဖွယ်ရာ အဖြာဖြာတို့ကို ဆက်ကပ်လှူဒါန်း ပူဇော်ကြပါကုန်သည် ဘုရား။

ဤသို့ ဆောက်တည်ရသော သီလ၊ လှူဒါန်းရသောဒါန စသည့်ထိုထို မြတ်ကုသိုလ်တို့ကြောင့် တပည့်တော်များ ရည်ရွယ်မှန်းဆတောင်းတအပ်သော ဆုထူးဆုမြတ်အပေါင်းတို့နှင့်တကွ အမတနိဗ္ဗာန်သို့ လျင်မြန်စွာရောက်ရှိကြရပါလိုကုန်၏ဘုရား။

ဤကောင်းမှု၏ အဖို့အစုကို ဤပူဇော်ပွဲသဘင်သို့ ကြွရောက်လာကြကုန်သော ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့နှင့်တကွ သုံးဆယ့်တဘုံ၌ ကျင်လည်ကုန်သော နတ်ဗြဟ္မာသတ္တဝါ အပေါင်းတို့အား အမျှ-အမျှ-အမျှ ပေးဝေကြပါကုန်၏။

ကြွရောက်တော်မူလာကြကုန်သော ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့နှင့်တကွ ကြားကြားသမျှ ဝေနေယျများစွာ သတ္တဝါအပေါင်းတို့သည် ဝမ်းမြောက်နုမော် သာဓု၊သာဓု၊သာဓု ခေါ် ဆိုနိုင်ကြပါစေကုန်သတည်း။

အပိုင်း (၂)

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ
အဘိဓဇမဟာရဋ္ဌဂုရု ပဲခူးမြို့မ ဆရာတော်ဘုရားကြီး၏
ဩဝါဒတော်ခံယူပွဲ

# အခမ်းအနားအစီအစဉ်

နေ့ရက်။ ။၁၃၄၅-ခုနှစ်၊ နတ်တော်လပြည့်ကျော်(၁၂)ရက်၊
၁၉၈၃-ခုနှစ်၊ ဒီဇင်ဘာလ ၃၁-ရက်၊ စနေနေ့။

အချိန်။ ။မွန်းလွဲ(၁)နာရီတိတိအချိန်။

ဌာန။ ။မြို့မစာသင်တိုက်၊ နိကာယမဏ္ဍပ်မာန်။

၁၂-နာရီ မိနစ်-၃၀–ဩဝါဒတော် ခံယူပွဲသို့ ကြွရောက်လာကြသော တပည့်ရဟန်းတော်များနှင့် ဒါယကာ-ဒါယိကာမအပေါင်းတို့အား ကြိုတင် နေရာယူထားစေရန်။

၁၂-နာရီ မိနစ်-၄၀–အခမ်းအနားမှူးက အခမ်းအနားအစီအစဉ်ကို ဖတ်ကြား ကြေငြာရန်။

၁၂-နာရီ မိနစ်-၄၅–နိုင်ငံတော် သံဃာမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ၊ အဘိဓဇမဟာရဋ္ဌဂုရု သက်တော်ရှည် မြို့မဆရာတော်ဘုရားကြီးအား မဟာစျာန်ယာဉ် စံကျောင်းတော်မှ နိကာယမဏ္ဍပ်မာန်သို့ အခမ်းအနားဖြင့် ပင့်ဆောင်ပါရန်။

ထိုသို့ အခမ်းအနားဖြင့် ပင့်ဆောင်လာရာတွင်–

* တိုင်းရင်းမြန်မာ ဆေးဆရာကြီး ဦးမြင့်အောင်က သာသနာ့အလံတော်ကိုင်ဆောင်လျက်၊

* ရဟန်းဒါယကာ ဦးအောင်မြင့်က "အဘိဓဇ" အလံတော် ကိုင်ဆောင်လျက်၊

* ရဟန်းဒါယကာ ဦးမောင်အေးက "အဘိဓဇမဟာရဋ္ဌဂုရု" တံဆိပ်တော်ကိုင်ဆောင်လျက်၊

* မဟာစေတီ ဂေါပက ဦးကျော်က အောင်သပြေစိုက် ငွေဖလားကြီးပိုက်လျက်၊
* မဟာစေတီဂေါပက ဦးရွှေဘ ထီးဖြူတော် မိုးလျက်၊
* ဦးခင်မောင်၊ ဦးမြင့်စိန်တို့က ဝဲ-ယာ နှစ်ဘက်မှ ရွှေထီး မိုးလျက်၊
* ဦးမောင်ငယ်က ငွေဖလားဖြင့် ပန်းမိုးရွာလျက်၊

၁၂-နာရီ မိနစ်-၅၀ – အဘိဓဇမဟာရဋ္ဌဂုရု မြို့မဆရာတော်ဘုရားကြီး နိကာယမဏ္ဍပ်မဟာ အဝင်ဝသို့ ရောက်ရှိသည့် အခါတွင် အခမ်းအနားမှူး ပဲခူးတိုင်း သံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော် ဦးသာသန-က "နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ၊ အဘိဓဇမဟာရဋ္ဌဂုရု မြို့မဆရာတော်ဘုရားကြီး ကြွလာတော်မူပါပြီ"ဟု ကြေငြာလျှင် ရဟန်းသံဃာတော်များနှင့် လူပရိသတ်များက လက်အုပ်ချီလျက် အရိုအသေ ပြုကြရန်၊

၁၂-နာရီ မိနစ်-၅၅ – အဘိဓဇမဟာရဋ္ဌဂုရုဆရာတော်ကြီး ပလ္လင်ပေါ်သို့ ရောက်သည့်အချိန်တွင် ပဲခူးတိုင်း သံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော် ဦးသာသနက အခမ်းအနားစတင်ကြောင်း ကြေငြာရန်၊

၁-နာရီ – အခမ်းအနားမှူးက အခမ်းအနားဖွင့်လှစ်ကြောင်း အခမ်းအနားဖွင့်ရစနာဂါထာဖြင့် လျှောက်ထားရန်၊

၁-နာရီ ၅-မိနစ် – မွန်ပြည်နယ်မှ တပည့်ကြီးတပါးက အဘိဓဇဂုဏပူဇာ မှတ်တမ်းလွှာဖြင့် ပူဇော်ရန်၊

၁-နာရီ ၁၀-မိနစ် – ကရင်ပြည်နယ်မှ ပိန္နဲကုန်း ကျောင်းသစ် ဆရာတော် ဦးစန္ဒိမက ဂုဏ်ပြုမှတ်တမ်းလွှာဖြင့် ပူဇော်ရန်၊

၁-နာရီ ၁၅-မိနစ် – ရှမ်းပြည်နယ် အောင်ပန်းစာသင်တိုက် ဆရာတော်ဦးပညာဝံသ-က ပါဠိဒိက ဂုဏ်ကျေးဇူးတော်များဖြင့် ပူဇော်ရန်၊

၁-နာရီ ၂၀-မိနစ် – နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ပဲခူးမြို့ ရွှေတောင်ဆရာတော်က အဘိဓဇဂုဏထောမနာပူဇော်လွှာဖြင့် ပူဇော်ရန်၊

၁-နာရီ ၃၀-မိနစ် – ပဲခူးမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အနောက် ရွှေနံ့သာ ဆရာတော်က ဆပ်ရှမကုန် အနန္တကျေးဇူးဂုဏ်ဖြင့် ပူဇော်ရန်၊

၁-နာရီ ၄၀-မိနစ် –ပဲခူးမြို့နယ် သံဃနာယကအဖွဲ့ဝင် သာသနာ့ဗိမာန်ဆရာတော်က အဘိဓဇမဟာရဋ္ဌဂုရု ပြည်သူ့ဆရာ ဂုဏ်ပြုလွှာဖြင့် ပူဇော်ရန်၊

၁-နာရီ ၅၀-မိနစ် –နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရုကျေးဇူးတော်ရှင် မြို့မ ဆရာတော်ဘုရားကြီးအား သာသနာပြုဌာနအသီးသီးမှ တပည့်ကြီးငယ် အသွယ်သွယ်တို့က မိသားစုစိတ်ထားဖြင့် ညီညာဖျဖျ ပူဇော်ကန်တော့ကြရန်၊

၁-နာရီ ၅၅-မိနစ် –နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ၊ အဘိဓဇမဟာရဋ္ဌဂုရု သက်တော်ရှည် မြို့မဆရာတော်ဘုရားကြီး ထံမှ ဩဝါဒတော်ကို နာခံမှတ်သားကြရန်၊

အခမ်းအနား ပြီးဆုံးကြောင်း အခမ်းအနားမှူးက ကြေငြာရန်။

၁၉၈၇-ခုနှစ်၊ ဒီဇင်ဘာလ ၃၁-ရက်နေ့တွင်
ပဲခူးမြို့၊ မြို့မစာသင်တိုက် နိကာယဓမ္မဗိမာန်၌ပြုလုပ်သော
ဝ ပည့်သံဃာတော်များ၏
ဩဝါဒခံယူပွဲ၌

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု
မြို့မဆရာတော်ဘုရားကြီး မိန့်မြွက်တော်မူသော

# ဩဝါဒကထာ

သမဂ္ဂါ ဟောထ ဘဒ္ဒန္တာ၊ မာ တုမှေ ဝဂ္ဂဘေဒကာ။
မေတ္တံ ကရောထ အညောညံ၊ ကရုဏံ မုဒိတံ သဒါ။

သီလ, သမာဓိ, ပညာ သိက္ခာသုံးဆင့် ပွားတိုးမြင့်အောင် ကျင့်ဆောင်ကြိုးကုတ် အားထုတ်ကြငြား တပည့်များတို့ ပူဇော်ပွဲသဘင်နှင့် နွဲယှဉ်ပြုလုပ်သော တပည့်ရဟန်းတော်များ၏ ဩဝါဒခံယူပွဲ၌ အနယ်နယ်အရပ်ရပ်မှ တပည့်ရဟန်းတော်များကို တစုတဝေးတည်း ပြန်လည်ဆုံတွေ့ရသဖြင့် ဆရာတော်ဝမ်းမြောက်လှပေသည်။ တပည့်အပေါင်းအား သတိပေးစကား ဩဝါဒမိန့်ကြားလိုသော အချက်သုံးချက်ရှိပေသည်။

(၁) ပထမအချက်အနေအားဖြင့် တနိုင်ငံလုံးရှိ ဂိုဏ်းပေါင်းစုံညီညွတ်သော သံဃာ့အဖွဲ့အစည်းကြီး၏ အဓိကအချက်ဖြစ်သော သာသနာတော်သန့်ရှင်း တည်တံ့ပြန့်ပွားရေး လုပ်ငန်းရပ်ကြီးမှာ နိုင်ငံတော်အစိုးရနှင့် လူဒါယကာများ၏ အဓိကတာဝန်မဟုတ်ပဲ လဇ္ဇီပေသလ သိက္ခာကာမ သံဃာတော်အားလုံး၏ အဓိကတာဝန်ဖြစ်သည်ကို သတိရှေ့သွား အလေးအနက်စဉ်းစားကြ၍ မိမိတို့ဆိုင်ရာ ပြည်နယ်/တိုင်း၊ မြို့နယ်.ရပ်ကွက်/ကျေးရွာသံဃာနာယကအဖွဲ့ အသီးသီးတို့သည် မိမိမိမိတို့၏ပြည်နယ်/တိုင်း၊ မြို့နယ်၊ရပ်ကွက်/ကျေးရွာရှိဗုဒ္ဓဘာသာဝင် သူတော်စင်ဒါယကာ ဒါယိကာမများ၊ အသီးအသီးသော ဥပတ္ထမ္ဘကအဖွဲ့များကို ဆရာဒကာတိုင်ပင်ညီညွတ်ဖွဲ့စည်းကြ၍ ဗုဒ္ဓမြတ်စွာသာသနာတော်ကြီး သန့်ရှင်းရေး တည်တံ့ရေး ပြန့်ပွားရေးတို့အတွက် လိုအပ်သောဓမ္မာနုဂ္ဂဟ,ပစ္စယာနုဂ္ဂဟ နှစ်ပါး ပြည့်စုံညီညွတ်နိုင်ရေးတို့ကို ကိုယ့်အားကိုယ်ကိုးသောမှုဖြင့် ဟောပြောညွှန်ပြ လုံ့လစိုက်ထောင်ရွက်ဆောင်တော်မူကြရန် အသိပေး သတိပေးစကား ရှေးဦးစွာ ပြောကြားအပ်ပါသည်။

(၂) ဒုတိယအချက်အနေအားဖြင့် သံဃာတော်များ ညီညွတ်ရေးအတွက် အသိပေး သတိပေးစကားပြောကြားလိုသည်မှာ—

တခါတပါး မြတ်စွာဘုရားသည် ပရိသတ်လေးပါးအလယ်၌ တရားဟောတော်မူနေစဉ် ခေတုက္ခေဘာဖြစ်လတ်၍ ချေဆတ်တော်မူသောအခါ မိထွေးတော်ကြီး မဟာပဇာပတိဂေါတမီအမှူးပြုသောပရိသတ်က "ဇီဝ ဇီဝ မဟာမုနေ=မြတ်စွာဘုရား သက်တော်ရာကျော်ရှည်တော်မူပါစေ"လို့ မင်္ဂလာရှိသောဆုတောင်းစကား တညီတညွတ်တည်း လျှောက်ထားကြပါသည်။

ထိုအခါ မြတ်စွာဘုရားက "န ဘိက္ခဝေ ခိပိတေ ဇီဝါတိ ဝတ္တဗ္ဗော၊ ယော ဝဒေယျ၊ အာပတ္တိ ဒုက္ကဋဿ"ဟူ၍ မိန့်တော်မူခဲ့ပါတယ်။ ချေဆတ်တဲ့အခါ အသက်ရှည်ပါစေလို့ ဆုတောင်းစကား ပြောကြားခြင်းမျိုးကို မြတ်စွာဘုရားနှစ်သက်တော်မမူပါ၊ တကယ်အကျိုးရှိတဲ့ ပြောဆိုပြုမူခြင်းကိုသာ နှစ်သက်တော်မူသည့်အတွက် ဘုရားရှင်တို့အား ရှိခိုးခြင်းကျူးလိုလျှင် ဤဆိုလတ္တံ့သောအတိုင်း ပြုမူကျင့်ကြံရမည်ဟု မိထွေးတော်ဂေါတမီအမှူးရှိသော ပရိသတ်အား မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါတယ်—

အာရဒ္ဓဝီရိယေ ပဟိတတ္တေ၊ နိစ္စံ ဒဠှပရက္ကမေ။

သမဂ္ဂေ သာဝကေ ပဿ၊ ဧသာ ဗုဒ္ဓါန ဝန္ဒနာ။

မိထွေးတော် (၁) အာရဒ္ဓဝီရိယစေတ်လည်းရှိကြ၊ (၂) နိဗ္ဗာန်သို့စေလွှတ်အပ်သော စိတ်လည်းရှိကြ၊ (၃) အခါမပြတ် ပရက္ကမဝီရိယစေတ်လည်းရှိကြလျက် (၄) ကိုယ်စိတ်နှစ်ရပ်ညီညွတ်သော သာဝကများစွာ သံဃာတော်တို့ကို ဖူးမြော်လေ—ဤသည်သာလျှင် ဘုရားရှင်တို့အား ရှိခိုးကော်ရော် ပူဇော်ခြင်းဖြစ်လေသည်ဟု ဟောကြားတော်မူခဲ့ပါသည်။

ဤဒေသနာတော်အရ မြတ်စွာဘုရားချီးကျူးအပ်သည့် တပည့်သံဃာမှာ ဖော်ပြရာပါအင်္ဂါလေးရပ်တို့နှင့်ပြည့်စုံသော တပည့်သံဃာများသာဖြစ်ပါသည်။ ယခုအခါ ဂိုဏ်းပေါင်းစုံသံဃာ့ညီညွတ်ရေးအဖွဲ့ကြီးကို အောင်မြင်စွာဖွဲ့စည်းနိုင်သည့်အတွက် ရင်းအပေါ်ဒိန်ပါ ပြီးတော်သာ အင်္ဂါရပ်တို့နှင့် လျှောက်ပတ်ကုံလုံပြည့်စုံညီညွတ်၍ နေပါသည်။ အကယ်၍သာ မြတ်စွာဘုရား ထင်ရှားရှိတော်မူခဲ့ပါလျှင် သံဃာ့ဂိုဏ်းကြီး အသီးသီးတို့ စုစည်းညီညွတ်ရေး ဦးစားပေးလျက် ရှက်ဆောင်တော်မူကြသည့် ဆရာတော်များ ဒကာတော်များအား အားရရွှင်ပျော် သာဓုကောင်းကြီး ပေးတော်မူမည်မှာ မြေလက်ခတ်နဲ့ မလွဲကေန်အမှန်ပင်ဖြစ်ပါသည်။

ဝိနည်းစူဠဝဂ္ဂပါဠိတော်၌ သံဃာ့ညီညွတ်ရေးကို အားပေးရွက်ဆောင်သည့် ပုဂ္ဂိုလ်အား မြတ်စွာဘုရားသည်–

သုခါ သံဃဿ သာမဂ္ဂီ၊ သမဂ္ဂါနဉ္စ အနုဂ္ဂဟော။
သမဂ္ဂရတော ဓမ္မဋ္ဌော၊ ယောဂက္ခေမာ န ဓံသတိ။
သံဃံ သမဂ္ဂံ ကတွာန၊ ကပ္ပံ သဂ္ဂမှိ မောဒတိ–

ဟူ၍ချီးကျူးတော် မူထားပါသည်။

သံဃာညီညွတ်ခြင်းသည် ချမ်းသာကြောင်းတည်း၊ ညီညွတ်သောသံဃာတို့အား ချီးမြှောက်ခြင်းသည်လည်း ချမ်းသာကြောင်းတည်း။ သံဃာ၏ညီညွတ်ရေး၌ အားပေးမွေလျော်မှန်ကန်သောဓမ္မ၌ ရပ်တည်သောပုဂ္ဂိုလ်သည် ယောဂကုန်ရာ နိဗ္ဗာန်တရားမှ မလျောကျ မဆုတ်ယုတ်နိုင်၊ သံဃာကိုညီညွတ်အောင် ပြုမူခြင်းကြောင့် (ထိုပုဂ္ဂိုလ်သည်) နတ်ပြည် ဗြဟ္မာ့ပြည်၌ အာယုကပ်ပတ်လုံး ဝမ်းမြောက် ရွှင်ပျော် မွေ့လျော်ရ၏။

ဤကဲ့သို့ မြတ်စွာဘုရားသည် သံဃာညီညွတ်ခြင်း၊ ညီညွတ်သောသံဃာအား ချီးမြှောက်ခြင်းတို့မှာ ချမ်းသာကြောင့်ဖြစ်ပုံ သံဃာ့ညီညွတ်ရေး၌ အားပေးမွေ့လျော် ဓမ္မ၌ ရပ်တည်သော ပုဂ္ဂိုလ်၏ နိဗ္ဗာန်ချမ်းသာမှ မဆုတ်ယုတ်ပုံ သံဃာညီညွတ်အောင် ပြုခြင်းကြောင့် နတ်ပြည် ဗြဟ္မာ့ပြည်၌ အသက်တမ်းပြည့် ဝမ်းမြောက် ရွှင်ပျော် မွေ့လျော်ရပုံတို့ကို အတိအလင်း ဟောကြား ထားတော်မူခဲ့သဖြင့် ယခုအခါ သံဃာ၏ညီညွတ်ခြင်း၊ ညီညွတ်သောသံဃာအား ချီးမြှောက်ခြင်းများသည် ချမ်းသာကြောင်းကေန် အမှန်ပင် ဖြစ်ပြီးလျှင် ညီညွတ်ရေး၌ အားပေးမွေ့လျော် မွေ့၌ရပ်တည်တော်မူကြခြင်းသည်လည်း နိဗ္ဗာန်ရကြောင်း အကျင့်ကောင်းဖြစ်သည့်ပြင် သံဃာညီညွတ်အောင် ခမာဂုဏ်ကို လက်ကိုင်ထား၍ ကြိုးစားရွက်ဆောင်ကြခြင်းမှာလည်း နတ်ရွာတံခါး ပွင့်အောင် ဖွင့်လှစ်ကြခြင်းပင် ဖြစ်သောကြောင့် သံဃာညီညွတ်ရေး သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးတို့မှာ မျက်ခြည်မပျောက်အောင် ဆက်လျောက်ကာ ဆောင်ရွက်ကြရမည့် ဓမ္မကိစ္စများ ဖြစ်ကြောင်း ကောင်းစွာ ထင်ရှားလှပါသည်။

(၃) တတိယအချက် အနေအားဖြင့် မြတ်စွာဘုရားသည် သံဃာ၏ညီညွတ်ခြင်း ညီညွတ်အောင် ရွက်ဆောင်ခြင်းတို့ကြောင့် နိဗ္ဗာန်တိုင်အောင် ကောင်းကျိုး ရနိုင်ကြောင်း စင်ကြယ်သောသုက္ကပက္ခ လိုက်နာရမည့် လမ်းစဉ်ဖြစ်ကြောင်းကို ဟောကြားညွှန်ပြတော် မူသကဲ့သို့ သံဃာကွဲပြားအောင် လှုံ့ဆော်ပြုမူသူတို့အဖို့ အပြစ်ကြီးလေးလှကြောင်း မည်းညစ်သောကဏှပက္ခ ရှောင်ကြဉ်ရမည့် လမ်းမှားဖြစ်ကြောင်းကိုလည်း ထိုဝိနည်း စူဠဝဂ္ဂပါဠိတော် ၌ပင်–

အာပါယိကော နေရယိကော၊ ကပ္ပဋ္ဌော သံဃဘေဒကော။
ဝဂ္ဂရတော အဓမ္မဋ္ဌော၊ ယောဂက္ခေမာ ပဓံသတိ။
သံဃံ သမဂ္ဂံ ဘိန္ဒိတွာ၊ ကပ္ပံ နိရယမှိ ပစ္စတိ။

သံဃာ စိတ်ဝမ်းကွဲပြားအောင် ပြုလုပ်သူသည် အပါယ်စာ ငရဲစာဖြစ်၍ ငရဲ၌ အာယုကပ်ပတ်လုံး ကျည်နေရသည်၊ သံဃာကွဲပြားရေး၌ အားပေးလှုံ့ဆော် မွှေလျှော်သည့် မတရားဘက်၌ ရပ်တည်သူသည် နိဗ္ဗာန်မှ ဝေးကျဆုတ်ယုတ်ရ၏။ ညီညွတ်သော သံဃာကို သင်းကွဲအောင် ပြုလုပ်သူသည် ငရဲ၌ အာယုကပ်ပတ်လုံး အကျက်အလေးခံရ၏-ဟူ၍ အတိအလင်းဟောကြားတော်မူခဲ့သည်ကိုလည်း အသင်အရှား သိမြင်ပြီး သတိသားဖွယ် အချက်ကြီး ဖြစ်ပေသည်။

ထို့ကြောင့် သံဃာ့ကိစ္စနှင့် ပတ်သက်၍ ပယ်ရှားရမည့်-ပဟာတဗ္ဗတရား၊ ပွားများရမည့်-ဘာဝေတဗ္ဗတရား ဤနှစ်ပါးတို့ကို ပိုင်းခြားထင်ထင်သိမြင်၍-

(က) တသက်တာတခါမျှ မကြုံစဖူး အထူးညီညွတ်နေသော ဂိုဏ်းပေါင်းစုံ သံဃာတော်များ စိတ်ဝမ်းကွဲပြားစေမည့် ပြောဆိုပြုမူမှုများကို လုံးဝပယ်သား ရှောင်ရှားတော်မူကြ၍ မိမိတို့အချင်းချင်း ညီညွတ်ခြင်းကိုလည်း ခိုင်မြဲစေကာ၊

(ခ) ဂိုဏ်းပေါင်း စုံသံဃာ့ညီညွတ်ရေးကို ကျေးဇူးပြုနိုင်မည့် ပြောဆိုပြုမူမှုများကိုသာ ပြောဆိုပြုမူကြလျက် သတိတမံ ဉာဏ်မြေကတုတ် ချွန်းနှယ်အုပ်ပြီးလျှင်-

သာသနာ့ကျိုး ထမ်းပိုးကြပါလို့ အကျိုးမဲ့ပယ်ရှား အကျိုးလိုလားသည့် မေတ္တာနှစ်ပါး အရင်းခံထား၍ ပြောကြားကာ ဩဝါဒကထာအစဉ်ကို ဤတွင်ပင် ကမ္ပတ်ဖုံး၍ နိဂုံးအုပ်အပ်ပါသည်.... တပည့်အပေါင်း ရဟန်းကောင်းတို့။

အပိုင်း (၃)

### အဘိဓဇမဟာရဋ္ဌဂုရု

# ဂုဏ်ပြုကြိုဆိုပွဲ

၁၃၄၅-ခုနှစ် နယုန်လပြည့်၊ ၁၉၈၃-ခုနှစ် ဇွန်လ (၂၅)ရက်နေ့တွင် ရန်ကုန်မြို့ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးပေါ်သိမ်းက ဆက်ကပ်သော ဘွဲ့တံဆိပ်တော် ဆက်ကပ်သည့် အခမ်းနား၌ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ပဲခူးမြို့၊ မြို့မဆရာတော်ဘုရားကြီးသည် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူပါသည်။

နိုင်ငံတော်မှ ဘွဲ့တံဆိပ်တော် လှူဒါန်း ဆက်ကပ်ပြီးနောက် မြို့သူမြို့သား နယ်သူနယ်သား အများပြည်သူတို့ကလည်း ထပ်ဆင့်တဖန် ပူဇော်လိုကြပြန်ပါသည်။ သို့ရာတွင် ယခုအချိန်မှာ မိုးဦးကာလဖြစ်၍ စည်ကားသိုက်မြိုက်စွာ ထိုက်ထိုက်တန်တန် မပူဇော်နိုင်မည်ကို တွေးဆမိကြသဖြင့် ပူဇော်ပွဲကြီးကို မိုးလွတ်သောအချိန်အထိ ရွှေ့ဆိုင်းခဲ့ကြပါသည်။ ဘွဲ့တံဆိပ်တော်ခံယူ၍ ပဲခူးမြို့သို့ ပြန်ကြွလာသောအခါ ခမ်းနားသိုက်မြိုက်စွာ ကြိုဆိုရေးကိုသာ ထိုအချိန်က ဆောင်ရွက်ခဲ့ကြပါသည်။

ဆရာတော်အား ကြိုဆိုကြရာတွင် ပဲခူးမြို့မှ ရန်ကုန်မြို့သို့အရောက် ကားရှစ်စီးဖြင့် သွားရောက် ကြိုဆိုခဲ့ကြပြီး ကျန်ကားများမှာ အင်းတကော်အထိ သွားရောက်ကြိုဆိုခဲ့ကြပါသည်။

ရန်ကုန်မြို့မှ ပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပေါ်သိမ်းနှင့်ဇနီး၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့်ဇနီး၊ သာသနာရေးဦးစီးဌာန အရာထမ်း အမှုထမ်းများနှင့်ပဲခူးအသင်းမှ အသင်းသူ အသင်းသားများက ပဲခူးမြို့အထိ လိုက်ပါပို့ဆောင်ကြပါသည်။

ရန်ကုန်မြို့မှ လိုက်ပါပို့ဆောင်ကြသော ကားများ၊ ပဲခူးမြို့မှသွားရောက်ကြိုဆိုကြသော ကားများသည် အင်းတကော်တွင်ဆုံမိကြပြီးနောက် ဆရာတော်ဘုရားအား ဆက်လက်ပင့်ဆောင်လာရာ ကားတန်းကြီးမှာရှုမျှော်၍မဆုံးအောင်ပင် များပြားလှပေသည်။ လှုံ့ဆော်ရေးကားများ၊ ယာဉ်ထိန်းရဲ ဆိုင်ကယ်များ၏ နောက်မှ စည်တော်ကြီးကားတွင် စည်တော်ရွှမ်းလျက် လည်းကောင်း၊ အဘိဓဇ•

မဟာရဋ္ဌဂုရု အဆောင်အယောင်များ တင်ဆောင်သောကားတွင် အဆောင်အယောင်များကို ကိုင်ဆောင်လျက်လည်းကောင်း၊ စည်ကားသိုက်မြိုက်စွာ ကြိုဆိုလာခဲ့ ကြပါသည်။

ဆရာတော်ဘုရားကြီး၏ ကားနောက်တွင် လိုက်ပါ ကြိုဆို ကြသော သံဃာတော်များ လိုက်ပါသည့် ကားများ၊ ဇဟိုကော်မတီ ဥက္ကဋ္ဌ၏ ကား၊ ရန်ကုန်မြို့မှ လိုက်ပါ ပို့ဆောင်သော ပြည်ထဲရေးနှင့် သာသနာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပေါ်သိမ်း၏ကား၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကြည်ညွန့်၏ကား၊ တိုင်းပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးကျော်ညွန့်၏ကား၊ တိုင်းသာသနာရေးမှူး၏ကား၊ ဇဟိုကော်မတီနှင့်ဆပ်ကော်မတီအသီးသီး၏ ကားများ၊ဘာသာရေးအသင်းအဖွဲ့များနှင့်သီးခြားလိုက်ပါကြိုဆိုကြသော ကားများဖြင့် မဆုံးနိုင်အောင် ဖြစ်ပါသည်။

ကားတန်းကြီးများကြားတွင် ရှစ်လုံးဘွဲ့မြန်မာကဗျာများကို ရွတ်ဖတ်သော အမျိုးသမီးအဖွဲ့များ၏ ကားရှစ်စီးကို သင့်လျော်သလို ကြားညှပ်၍ စီစဉ်ထားရာ ဆရာတော်အား ဂုဏ်ပြုကြိုဆိုသည့်ကဗျာသံသည် လမ်းတလျှောက်လုံး လွှမ်းမိုးနေပါသည်၊ မှတ်တမ်းတင် ရုပ်ရှင်ရိုက်သော ကားသည် ရန်ကုန်မြို့ ဇမ္ဗူဒီပကျောင်းဆောင်မှ ဆရာတော်အား ပင့်ဆောင်လာသည်မှစ၍ ရိုက်ကူးခဲ့ရာ ကြိုဆိုပွဲအခမ်းအနားပြီးဆုံးသည်အထိ ဖြစ်ပါသည်။

ပဲခူးမြို့သို့ ဝင်ရောက်လာသောအခါ ကျောင်းသူ ကျောင်းသားများ ဆရာ ဆရာမများနှင့် လုပ်သားပြည်သူတို့က သာသနာ့ အလံကလေးများကို ကိုင်ဆောင်လျက် လမ်းဘေး ဝဲ–ယာမှ တခဲနက် ကြိုဆိုခဲ့ကြပါသည်၊ ဆရာတော်ဘုရား သက်တော်ရှည်ပါစေကြောင်း ဆုတောင်းကြွေးကြော်သံများကို သံပြိုင်ကြွေးကြော်၍ ဂုဏ်ပြုကြိုဆိုကြသည်မှာ ပွဲတင်ထပ်အောင်ပင် ဖြစ်ပါသည်။

အင်းတကော်၊ ပဲခူးဈေးကြီးနှင့် ဦးတမ္ဗိဒရအိုးစင် လမ်းဆုံနေရာများတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ၊ အဘိဓဇမဟာရဋ္ဌဂုရု မြို့မ ဆရာတော်ဘုရားကြီးအား ဂုဏ်ပြုကြိုဆိုပါသည် ဟူသော စာတန်းပါ မုခ်ဦးကြီးများဖြင့် ကြိုဆိုခဲ့ကြပါသည်၊ ပန်းလှိုင်ရပ်အရှေ့ဘက်တွင် မြန်မာ့ဆိုင်းဝိုင်းကြီးဖြင့် ဆရာတော်အား ဂုဏ်ပြုကြိုဆိုကြပါသည်။

ရွှေမော်ဓောစေတီတော်မြတ်ကြီးအား တက်ရောက်ဖူးမြော်လျက် ဆရာတော်ဘုရားနှင့်တကွ သာသနာရေးဦးစီးဌာနတို့က စေတီတော်မြတ်ကြီးအတွက် ဝတ္ထုငွေ ၂၅၀၀/–လှူဒါန်းရာတွင် ရွှေမော်ဓောစေတီတော်ဂေါပကအဖွဲ့နှင့် ဝတ်အသင်းအဖွဲ့များက စည်တော်ကြီးဖြင့် ခမ်းနားစွာ ကြိုဆိုခဲ့ကြပါသည်။

မြို့မ စာသင်တိုက်သို့ ရောက်သောအခါ လိုက်ပါကြိုဆိုခဲ့ကြသော ဆရာတော်များ လိုက်ပါပို့ဆောင်ကြသော ပုဂ္ဂိုလ်များနှင့် လိုက်ပါကြိုဆိုခဲ့ကြသော ပုဂ္ဂိုလ်များအား ဗဟိုကော်မတီက နံနက်စာဖြင့် ဧည့်ခံကျွေးမွေးခဲ့ပါသည်။

နေ့ ၁-နာရီအချိန်တွင် ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားကို မြို့မ စာသင်တိုက် နိကာယဓမ္မဗိမာန်၌ ကျင်းပရာ တိုင်းသာသနာရေးမှူး ဦးညွန့်မောင်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပြီး အခမ်းအနားတွင် မြို့မ ဆရာတော်ဘုရားကြီးထံမှ ဩဝါဒ ခံယူကြခြင်း၊ သာသနာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်က ဝမ်းသာစကား ပြောကြားခြင်းနှင့် အဘိဓေမဟာရဋ္ဌဂုရု ချီးကျူးဂုဏ်ပြုပူဇော်ပွဲကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ မြို့နယ်ပြည်သူ့ကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးရွှေရိုးက လျှောက်ထား ပြောကြားခြင်းများ ပြုလုပ်၍ ဂုဏ်ပြုကြိုဆိုပွဲမှာ မိုးလေကင်းရှင်း အောင်မြင်စွာ ပြီးဆုံးခြင်းသို့ ရောက်ခဲ့ပါသည်။

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ

အဘိဓဇမဟာရဋ္ဌဂုရု

ပဲခူးမြို့ မြို့ပဆရာတော်ဘုရားကြီးအား ဂုဏ်ပြုကြိုဆိုပွဲ၌

အမျိုးသမီးဝတ်အသင်းများ ရွတ်ဆိုပူဇော်သည့်

# ထုတိမင်္ဂလာ ချစ်လုံးဘွဲ့ကဗျာများ

၁။ သာသနာသန့်ရှင်း — ပျံ့သင်းချိန်ခါ
သိန်းကျော်သံဃ — ဆန္ဒညီညာ
ဂိုဏ်းဂဏစွဲ — စိတ်ထဲပယ်ခွာ
ပါသာဏ — ဌာနလိုဏ်ဂူမှာ။

၂။ ဗုဒ္ဓလက်ထက် — ဧတဒဂ်ပမာ
ထူးကဲဂုဏ်မောက် — ရွေးကောက်သေချာ
မြန်ပြည့်သံဃ — ဥက္ကဋ္ဌမဟာ
ပူဇော်ထူး — ရှိဦးမြှတ်ပဏာ။

၃။ ငါးထောင်ကာလ — ကြာစွချိန်ခါ
တည်ရေးစည်ရေး — ရှည်တွေးမြော်ကာ
မနေမနား — စိတ်အားသန်စွာ
လုံ့လထုတ် — ကြိုးကုတ်ဆောင်ရွက်လာ။

၄။ အဂ္ဂဘွဲ့ထူး — ဆင့်ကျူးမဟာ
ပညာခေါင်ထိပ် — ပဏ္ဍိတ်ဆရာ
နှစ်ဆူဘွန်းပ — နေ့လပမာ
ဖူးမဝ — မြူးကြွကြည်သဒ္ဓါ။

၅။ ဟံသာဝတီဆိုင် — ခင်နိုင်ဟံသာ
သဲပြူသောင်စ — ဌာနတည်ရာ
နိမိတ္တက — နွတ္တသညာ
မြို့ပဲခူး — ကဲထူးမင်္ဂလာ။

၆။ မြို့မတိုက်ကြီး —ဦးစီးနာယကာ
လဇ္ဇီပေသလ —သီလဝန္တာ
သိက္ခာဝိနယ —တိကျညီစွာ
အစဉ်သုံး —မြတ်ဘုန်းတော်မဟာ။

၇။ ဂတိလိုက်စား —ပယ်ရှားမှောင်ခွာ
ကျောသားရင်သား —မခြားတူစွာ
ကမ္ဘာအနှံ့ —ရနံ့ထုံကာ
ဘဝဂ်ချဉ်း —သတင်းဝေဝေဖြာ။

၈။ နိုင်းယှဉ်ဖက်ကင်း —အံ့ခြင်းစုံစွာ
ဣန္ဒာစာရ —နာမကရဏာ
သမိုင်းမော်ကွန်း —တင့်ထွန်းဝေဖြာ
ယုဂန်စွန်း —နေဝန်းပုံပမာ

၉။ မြန်ပြည်အလုံး —ညွှတ်ရုံးပူဇော
ကောင်စီဆင့်ဆင့် —ထူးတင့်ပညာ
ပြည်နယ်နှင့်တိုင်း —အံ့လှိုင်းကြေငြာ
သရေတင့် —ရွှေနှင့်မြပမာ။

၁၀။ အဘိဓဇ —ဘွဲ့ရမဟာ
ရဋ္ဌဂုရု —ပြည်သူ့ဆရာ
ဂုဏ်ရည်ထပ်ဆင့် —ချီးမြှင့်ပူဇော
ပျော်မဆုံး —ရှင်ပြုံးများသူငါ။

၁၁။ ကောင်းမှုပေါင်းစု —ကြောင်းပြုညီညာ
မြို့လုံးနယ်လုံး —ခြိမ့်အုံးပူဇော
မရိုးတလျှောက် —အံ့လောက်ဧငှာ
ကြိုဆိုပွဲ —ဆင်နွှဲပဒေသာ။

၁၂။ လူငယ်လူကြီး —သီးသီးစုံစွာ
မှူးထမ်းရာထမ်း —ဝမ်းပန်းတသာ
အလုပ်သမား လယ်သမား —မခြားလေရှာ
တသားတည်း —ပွားစည်းဘုံယှဉ်ကာ။

၁၃။ သက်တော်ရှည်ကြောင်း — ဆုတောင်းသံသာ
ပြည်သူအများ — ဝပ်တွားညီညာ
ရှင်ဗုဒ္ဓကုလ — ထေရပမာ
သံပြိုင်တေး — ဟစ်ကြွေးမင်္ဂလာ။

၁၄။ ထူးတင့်ကျူးရင့် — ဖူးခွင့်ကြုံလာ
ထက်ခေါင်းလက်ချောင်း — ယှက်ပေါင်းဆယ်ဖြာ
စူးစိုက်ဦးခိုက် — ဖူးလိုက်ငန္ဒနာ
ပူဇော်ထူး — ရှိဦးကြိမ်ကြိမ်သာ။

၁၅။ ဖွားဖက်ကာဠု — ကြိုပြုပမာ
လူရောနတ်ရော — သောသောအုတ်အာ
ဖြူဟွာမကြွင်း — ခပင်းစုံစွာ
အောင်လံလွှင့် — ချီးပင့်ကြိုဆိုလာ။

နိုင်ငံတော် သံဃာမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ

အဘိဓဇမဟာရဋ္ဌဂုရု

သက်တော်ရှည် မြို့မဆရာတော်ဘုရားကြီးအား

ဂုဏ်ပြုကြိုဆိုပွဲတွင် ပူဇော်သော

# မင်္ဂလာဘုန်းတော်ဘွဲ့ စည်တော်သံ

ရေးသားပူဇော်သူ—ဦးပြုမောင်၊ အငြိမ်းစား ပညာရေးဌာန၊
အောင်မင်္ဂလာရပ်၊ ပဲခူးမြို့။

၁။ ထီးတရာပဏ္ဏာကြို့ပါတဲ့၊ မင်းရွှေမြို့ရယ်တဲ့ တိုင်းဟံသာ။
မွန်မြန်မာ ညီညာရေးငယ်၊ ရှေးကစဉ်လာ။
သုဒဿနာ၊ သာယာလို့ပြန့်ပြော။
မြတ်ဗုဒ္ဓါ ဆံကေဦးကို၊ ပူးစို့မော်မော။ ။

၂။ သာသနာ ရောင်ဝါတင့်ပါလို့၊ ဖူးငုံပွင့်ရယ်တို့ ဝေဝေဖြာ။
ဆ,ဆယ်ပြန် ဆင့်ကာတိုးတယ်၊ မိုးထက်အာကာ။
ဆန်းလ,တဲ့သော်တာ၊ ဖြာဖြာပ ထိန်လင်း။
ကြယ်တာရာ ဝန်းရံခ,တယ်၊ ထွန်းပ ရောင်ဝင်း။ ။

၃။ မင်္ဂလာ အောင်စည်ကြီးရယ်က၊ မြည်ဟီးပါလို့ သံသာသာ။
ထောင့်သုံးရာ လေးဆယ့်ငါးမှာ၊ ကြားကြလေတာ။
မြို့မရဲ့သခင်၊ ဈာန်ယာဉ်ကွဲ့ရွှေထီး။
သာသနာရောင်ဝါလင်းအောင်၊ ညှင်းသွဲ့မြည်ဟီး။ ။

၄။ သာသနာ သန့်သန့်ရှင်းပါလို့၊ ပျံ့နှံ့သင်းစေဖို့ ရည်ရွယ်ကာ။
တို့လမ်းစဉ် ဆိုရှယ်လစ်ကယ်၊ ခေတ်သစ်ချိန်ခါ။
အဘိဓဇာ၊ မဟာတဲ့ဘွဲ့ထူး။
နိုင်ငံတော်ကောင်စီ ကပ်တယ်၊ ထွတ်မြတ်ရွှယ်စူး။ ။

၅။ အရာရာ အကဲထူးပါတဲ့၊ ပဲခူးရယ်တဲ့ ရွှေမြို့တော်။
သမိုင်းဝင် ပူဇော်ပွဲကို၊ နှဲ့စို့ပျော်ပျော်။
မြို့လုံးကနော်၊ ရည်ရော်လို့ကြံတွေး။
နှစ်ငါးထောင် အရှည်ခံအောင်၊ တည်တံ့ဖို့လေး။ ။

၆။ အဖြာဖြာ ဘယ်သူတနိုင်ပ၊ မျှားပြည်သူ ထေရ်မဟာ။
သာသနာ စည်ပင်မှု၊ ပြုခဲ့ပေရှာ။
ဆင္ဃသံဂါ၊ ပါသာဋ လိုက်တွင်း။
မင်းမင်းစုံ ပူဇာစ၊ ငယ်၊ ဦးချဘွဲ့နှင်း။ ။

၇။ သက်တော်ရှည် မာစေကြောင်းကိုဖြင့်၊ ဆုတောင်းပါလို့ မေတ္တာဝေ။
အောင်သပြေ အောင်ရေလောင်းတယ်၊ ကောင်းမှုထွေထွေ။
မြို့လုံးရဲ့ကျက်သရေ၊ တက်နေသို့ပုံလား။
သာသနာ ရောင်ဝါဖြိုးတယ်၊ တိုးတက်စေသား။ ။

၈။ ကောင်းမှုစုံ ရ,အကျိုးကိုဖြင့်၊ ရှိခိုးပါလို့ ပေးမျှဝေ။
စိတ်အကြံ မိဌ္ဌာန်ပေါက်တယ်၊ ဝမ်းမြောက်ပါစေ။
ပါယ်လေးထွေ၊ မသွေပ,လွတ်ကင်း။
နန်းနိဗ္ဗူ ရှည်ရယ်မှန်းတယ်၊ လှမ်းကြစေခြင်း။ ။

၉။ သာဓုသံ ကြိမ်ကြိမ်ထပ်ပါလို့၊ ဝတိံ ရပ်ကယ်က နတ်ဒေဝါ။
နှစ်ဆယ်ဖြာ ဗြဟ္မာများရယ်၊ ကြားကြသေချာ။
ဆယ်လက်ကိုသာ၊ ယှဉ်ကာပ, စုပေါင်း။
မြတ်စိန္တေ ထံတော်ပါးမှာ၊ ပွားတဲ့ဆုတောင်း။ ။

## အပိုင်း (၄)

**သီးခြား ဂုဏ်ပြု ပူဇော်လွှာများ**

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ

အဂ္ဂမဟာပဏ္ဍိတ

**ပဲခူးမြို့မ သက်တော်ရှည်ဆရာတော်ဘုရားကြီးအား**

**အဘိဓဇမဟာရဋ္ဌဂုရု ပြည်သူ့ဆရာ ပူဇာပွဲကြီးယင်၌**

**တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ**

ရေးသားပူဇော်အပ်သော

# အဘိဓဇမဟာရဋ္ဌဂုရု ဂုဏပူဇာ

ငါးဂါထာပါဌ်အနက်

နမော ဗုဒ္ဓါယ။ (သိဒ္ဓမ်)

၁။ သမာဓိပစ္စယော ယဿ၊ ပရိသုဒ္ဓံ သုဘာ၀ိတံ။
သီလံ ပသတ္ထံ ၀ိညူဟိ၊ ထေရော ပါသာဒိကော အယော။

**ယဿ** ထေရဿ= မင်းနှင့်ပြည်သူ ရှင်ရှင်လူတို့ ကြည်ဖြူလေးမြတ် ပူဇော်အပ်သား ရဋ္ဌဂုရု ကျော်ထီးနှယ် အလေးပြုအပ်သည့် ပြည်သူ့ဆရာ သံဃာတော်တို့ဥက္ကဋ္ဌ အကြင် ပဲခူးမြို့မ အဘိဓဇမဟာထေရ်မြတ်၏။ သုဘာ၀ိတံ= ကိုယ်နှင့်အသက် မငဲ့ကွက်ပဲ စွန်းလျက်ညစ်ပေ ဖြစ်ပစေမည့် အနေသန+မိစ္ဆာဇီ၀ စသော အပြစ်အလေးတို့ ယှက်မြှေးမထင် အသန့်ကြီး သန့်စင်အောင် ကောင်းစွာ သုတ်သင်အပ်သည်ဖြစ်၍။ ပရိသုဒ္ဓံ၊ ပွတ်သစ်စ- ၁ရှသင်းကဲ့သို့ ဖြူဝင်းကြည်လင် ထက်ဝန်းကျင်မှ အလွန်ပင်စင်ကြယ်လှပေသော။ ၀ိညူဟိ၊ ပရိယတ်နှင့် ပဋိပတ်ကျင့်စဉ် လွန်ကျွမ်းကျင်သည့် သူတော်စင်ဖြစ်ခြား ပညာရှိအများတို့သည်။ ပသတ္ထံ၊ ကြည်ညိုလေးမြတ် ချီးမွမ်းအပ်ပါထသော။ သီလံ၊ စတုပါရိသုဒ္ဓိခေါ်မှတ် သီလတော်မြတ်သည်။ သမာဓိပစ္စယော၊ ဥပစာရ အပ္ပနာ နှစ်ဖြာသောသမာဓိတို့ အားရှိတိုးပွားကြောင်း ကောင်းမြတ်သော ဥပနိဿယ ရည်း ပစ္စည်းစင်စစ် ဖြစ်ပါပေ၏။ သော ထေရော၊ ဒုက္ခခပ်သိမ်း ငြိမ်းအေးရာမှန် ပြည်နိဗ္ဗာန်သို့ ၀င်ရန်အသင့် သီလတည်းဟူသော တံခါးဖွင့်ပြီးသော ထိုပဲခူးမြို့မ အဘိဓဇမဟာထေရ် မြတ်သည်။ အယော ပါသာဒိကော - ကြ . ကြည်ညိုဖွယ် ကောင်းလှပါပေ၏။

ပူဇော်ပွဲ ၇—ပ·မ·သ·စ

အဟော ပါသာဒိကော=ကိုယ်တော့်အတွက်လည်း စိတ်ကြည်လင်+ကိုးကွယ်သူ ဒါယကာ ဒါယိကာမတို့မှာလည်း ကြီးမြတ်တဲ့အကျိုးထင် နှစ်မျိုးပင် ကျေးဇူးကြီးလှသဖြင့် မုချမသွေ သြ...ကြည်ညိုဖွယ် ကောင်းလှပါပေသည် တကား။

၂။ ဝိသေသဘာဂိယော ယဿ၊ သမာဓိ ပရိဘာဝိတော။
ပညာယ ပစ္စယော ဟောတိ၊ ထေရော ပါသာဒိကော အဟော။

ယဿ ထေရဿ=ဒုက္ခခပ်သိမ်း အေးငြိမ်းရာမှန် ပြည်နိဗ္ဗာန်သို့ ဝင်ရန်အသင့် သိလတံခါးဖွင့်ပြီးသော အကြင်ပဲခူးမြို့မ အဘိဓဇမဟာထေရ်မြတ်၏။ ပရိဘာဝိတော=တရားအာရုံ စိတ်ဝယ်ထုံလျက် တလုံးလဲလဲ စဉ်အမြဲလျှင် အားခဲထုံလတ်ပွားများအပ်သည်ဖြစ်၍။ ဝိသေသဘာဂိယော=မရစဖူး တရားထူးတို့ ကြည်နူးဝမ်းမြောက် အလွယ်တကူသက်ဝင်ဆိုက်ရောက်နိုင်သော။ သမာဓိ=တဆင့်ထက်တဆင့် ရင့်သထက်ရင့်လျက် မြင့်တက်စွမ်းအင် ထာဝစဉ် လေ့ကျက်အပ်သော သမာဓိတော်သည်။ ပညာယ=သဘောနက်နဲ ခက်အခဲကို ဖျက်ခွဲထင်ထင် သိမြင်နိုင်သော ပညာတော်၏။ ပစ္စယော=ဥပနိဿရည်း လွန်ခိုင်ဖြိုးသည့် အားကြီးသော အကြောင်းအထောက်အပံ့သည်။ ဟောတိ=မုချမသွေဖြစ်ပါပေ၏။ သော ထေရော=သမာဓိဟုန် တန်ခိုးဂုဏ်ကို လောကလုံးအောင်ဖြည့်ဆည်း သံဃာ့ထီးဖြစ်တော်မူသော ထိုပဲခူးမြို့မ အဘိဓဇမဟာထေရ်မြတ်သည်။ အဟောပါ သာဒိကော=သြ....ကြည်ညိုဖွယ်ကောင်းလှပါပေ၏။

အဟော ပါသာဒိကော = သမာဓိဟုန် တန်ခိုးဂုဏ်တို့ လွှမ်းခြုံသပွာယ် အတင့်တယ်ကြီး တင့်တယ် သြ....ကြည်ညိုဖွယ်ကောင်းလှပါပေတကား။

၃။ ပညာ ဘူရိသမာ ယဿ၊ သမာဓိနာ+နုဂ္ဂဟိတာ။
သုဝိသဒါ+တိတိက္ခာ စ၊ နာထဿာ+ရာမကော ဟိသော။

ယဿ ထေရဿ=သမာဓိဟုန် တန်ခိုးဂုဏ်ကို လုံလောက်အောင်ဖြည့်ဆည်း သံဃာ့ထီးဖြစ်တော်မူသော အကြင်ပဲခူးမြို့မ အဘိဓဇဆရာတော်ထေရ်မြတ်၏ (အဖို့ရာ)။သမာဓိနာ = ဝိသေသဘာဂိ ဂုဏ်ထူးရှိသည့် သမာဓိတရားသည်။ အနုဂ္ဂဟိတာ=မီးကို လေပင့် အရှိန်မြင့်သို့ ရင့်ကျက်ကြီးမား အစွမ်းဂုဏ်တိုးပွားအောင် အားပေးပံ့ထောက် ကောင်းစွာ ချီးမြှောက်အပ်သည်ဖြစ်၍။ သုဝိသဒါ စ=ညစ်ငြူးရန်အကြောင်း တရားပေါင်းမှ ကောင်းစွာ လွတ်ကင်း အလွန်ပင် သန့်ရှင်းသည်လည်းဖြစ်သော။ အတိတိက္ခာ စ = သဘောနက်နဲ အခက်အခဲကို ဖျက်ခွဲထင်ထင် အမှန်အတိုင်းသိမြင် အလွန်ပင် ထက်မြက်သည်လည်းဖြစ်သော။ ဘူရိသမာ=သိလာပံသု မြေအထုနှင့်တူသော။ ပညာ=ပြန့်

ကျယ်ကြီးမား အားယားလောက်သော ပညာတော်သည်။ အလွှဲ - - ယင်များ မသွေ ရှိပါပေ၏။ သော ထေရော= သီလ+ပံသု မြေအထုနှင့် ဥပမာစိတ် ကြီးမားပြန့်ကျယ်သည့် ဉာဏ်တော်ရှင် ဖြစ်တော်မူသော ထိုပဲခူးမြို့မ အဘိဓေ ဆရာတော်မထေရ်မြတ်သည်။ ဟိ=စင်စစ်ကေန် အမှန်ပင်လျှင်။ နာတယာ= သုံးလောကမကိုဋ္ဌ သုံးတိုက်လုံးမှန်ကူ သယမ္ဘူတွတ်ထား တို့ဘုရားကို။ အာရာ- ဓကော=နှစ်သိမ့်စေနိုင်တော်မူပါပေ၏။

အာရာဓကော=ဒါမှစင်စစ် ငါ့သားချစ်ဟု နှစ်သိမ့်အားရမ်း ဥဒါန်းတော် ခြွေညွှန်းအောင် ဝမ်းမြောက်တော်မူစေ နှစ်သက်တော်မူစေ အားရကျေနပ် တော်မူစေနိုင်ပါပေသတည်း။

၄။ ဧဝမာဒိဂုဏူပေတော၊ ထေရော သော ဇိနသာသနေ။
စန္ဒော ပဘာယ သမ္ပန္နော၊ ဂဂနေ ဝိယ သောဘတေ။

ပဘာယ=ကမ္ဘာနေသူ ဟူဟူသမျှ ရှုမြင်ရက ချမ်းမြအေးကြည် ငင်းပပ လင်းရောင်ခြည်နှင့်။ သမ္ပန္နော=ပြည့်စုံသော။ စန္ဒော=နက္ခတ်တာရာ ကြယ် တကာတို့ ရံကာဝန်းပတ် လေးကျွန်းရပ်သို့ မပြတ်လှည့်လည် ရောင်ခြည်ဖြန့်လွှမ်း စန်းယုန်နန်းသည်။ ဂဂနေ = ဆီးနှင်း မြူ တိမ် သူရိန် မီးခိုး ညစ်ပျိုးသန့်စင် ထက်ကောင်းကင်၌။ သောဘတေ ဝိယ=မိုက်မှောင်ပယ်ရှင်း ရောင်အလင်းဖြင့် တဝင်းဝင်း ခန့်ထည် ရှုလိုက်တိုင်း တင့်တယ်သကဲ့သို့။ ဧဝံ =ထက်ရဝေလုံ့ရပ်ဝယ် ကျက်သရေစုံလတ်သည့် စန်းယုန်နတ်ပမာအတူသာလျှင်။ဧဝမာဒိဂုဏူပေတော၊ သီလ+သမာ ဓိ+ပညာက စ, စွာများတောင်း ဂုဏ်အပေါင်းတို့နှင့် ကောင်းမြတ် ကုံလုံ ပြည့်စုံတော်မူပေသော။ သော ထေရော = တိုင်းကားပြည်သူ ရှင်ရှင်လူတို့ ကြည်ဖြူလေးမြတ် ပူဇော်အပ်သည့် ရဋ္ဌဂုရုပြည်သူ့ဆရာ သံဃာတို့ရှေ့သွား ထိုပဲခူး မြို့မ အဘိဓဇဆရာတော်မထေရ်မြတ်ဘုရားသည်။ ဇိနသာသနေ = နိဗ္ဗာန်လမ်း ရှုတ် ခလုတ်ကန်သင်း မာရ်ခပင်းကို နှိမ်နင်းအောင်မြင် ဘုရားရှင်၏ သုံးအင် သိက္ခာ ဤယနေ့သာသနာ၌။ သောဘတေ=ကြည်ညိုစဖွယ် တင့်တယ်ပါပေ၏။

သောဘတေ=သီလဂုဏ်ရောင် သမာဓိဂုဏ်ရောင် ပညာဂုဏ်ရောင် ကိလေ မှောင်နှိမ်နင်း တရားတော်ရောင်အလင်းတို့ဖြင့် တဝင်းဝင်းခန့်ထည် ဩ...အတင့် တယ်ကြီးတင့်တယ်တော်မူပါပေသည်။

၅။ ထေရာသဘော သာခဝေါ ဝေါ၊ ကတာကာရာ မဟာပ္ပလာ။
- သုလဒ္ဓံ ဝတ တုမ္ဟေဟိ၊ မနုဿတ္တံ+တိဒုလ္လဘံ။

သာခဝေါ=နှုလုံးပျော့ပျောင်း အို-သူတော်ကောင်းတို့။ ဝေါ=သရဏဂုံ သုံးရပ် မြဲဆည်းကပ်လျက် ခါးဝတ်ပဥ္စသီ အဋ္ဌင်္ဂီလည်း ယှဉ်မှီကျင့်သုံး သီလ

ဘုန်းကြောင့် နလုံးပျော့ပျောင်း အသင်သူတော်ကောင်းတို့၏။ ထေရာသဘော= သီလ+သမာဓိ+ပညာ သိက္ခာတော်သုံးရပ် ပညာရှိတို့ ချီးမွမ်းအပ်သည့် အကျင့်မြတ် ကျေးဇူးဂုဏ်တို့နှင့် ပြည့်စုံတော်မူလတ် ပဲခူးမြို့မ အဘိဓဇမ်ထေရ်မြတ်၌။ ကတာကာရာ=သဒ္ဓါကြည်နူး နိဗ္ဗာန်ကို ရည်စူး၍ ဆည်းပူးအားထုတ် ပြုလုပ်အပ်သမျှ ကောင်းမှုကုသိုလ်အဝဝတို့သည်။ မဟပ္ဖလာ = ထက်သန်ဖွံ့ဖြိုး ကြီးမားသော အကျိုးရှိကုန်၏။ သာဓဝေါ=ဖြဟ္မာစိုရ်လေးပါး နေ့စဉ်ပွားလျက် တရားနှင့် မွေ့လျော် ရှင်ပျော်ဘိတောင်း အို သူတော်ကောင်းတို့။ တုမှေဟိ=အသင်သူတော်ကောင်းတို့သည်။ အတိဒုလ္လဘံ=အောက်မြေပထဗျာက အင်တစင်း+ အထက်ဗြဟ္မာက အပ်တစင်း အပ်သွားချင်းထိရန်ထက် ဆဆတက်လွန်သာ တကြိမ်တခါမျှ ရဖို့ရန် အလွန်ခက်လှပေသော။ မနုဿတ္တံ=ပညာ+သတိ စွယ်စုံပြည့်သည့် လူ၏အဖြစ်ကို။ သုလဒ္ဓံဝတ=ကောင်းစွာရအပ်ပါပေစွ။

မနုဿတ္တံ သုလဒ္ဓံ ဝတ= သံသရာနေ့ခင်းရေး မြော်ထောက်တွေးက စိတ်အေးရသည့်အပြင် ပြည်နိဗ္ဗာန်ဝင်ဖို့အကြောင်း ကောင်းမှုအသီးသီး ဆည်းပူးစုဆောင်းပြီးဖြစ်ကြသဖြင့် မုချမသွေ လူဖြစ်ကျိုးနပ်လှပါပေတကား။

တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက
အဂ္ဂမဟာပဏ္ဍိတ
မ+ဟ+န အကျိုးတော်ဆောင်
ဦးဝိစိတ္တသာရာဘိဝံသ
ရေးစပ်ပူဇော်သည်။

အဘိဓမ္မမဟာရဋ္ဌဂုရု ချိုးကျူးဂုဏ်ပြုပူဇော်ပွဲဟူ၍

ပဲခူးမြို့၊ ဇေယျသိဒ္ဓိ မမောက်ကျောင်းဆရာတော် ဦးမာဃိန္ဒာဘိဝံသ၏

# အဘိဓဇ ဂုဏာနုဇာ ချီးကျူးဂုဏ်ပြုလင်္ကာ

၁။ ထိရံ သီလံ သမာဓိ စ၊ ပညာ ယဿ သုပူရိတာ။
မဟန္တံ နာယကံ ထေရံ၊ ပူဇေမ သံဃဥက္ကဋ္ဌံ။

ယဿ–ထေရဿ၊ သာသနာ့အရေး လေးလေးပင်ပင် ဆင်ခြင်တွေးခေါ်
ဆောင်ရွက်တော်မူသည့် အဘိဓဇ မြို့မဇာနည် အကြင် မဟာထေရ်မြတ်ကြီး၏။
သီလံ၊ ပါတိမောက္ခ ဣန္ဒြိယနှင့် ပစ္စယအာဇီဝ လေးလီသော သီလတော်မြတ်သည်။
ထိရံ၊ လှုပ်ရှားမယိုင် ကျောက်စာတိုင်သို့ ခိုင်ခိုင်ခံ့ခံ့ တည်တံ့တော်မူပြီး။
သမာဓိ စ၊ ကောင်းသောအာရုံဆီအလိုလိုက်၍ တည်ကြည်စွာဖြစ်သမာဓိသည်လည်း။
ထိရော၊ လှုပ်ရှားမယိုင် ကျောက်စာတိုင်သို့ ခိုင်ခိုင်ခံ့ခံ့ တည်တံ့တော်မူပြီး။ပညာ၊
ကြီးကျယ်များပြား အားထားလောက်စွာ မြတ်ပညာသည်လည်း။ သုပူရိတာ၊
လောကမမှာ အဖြာဖြာ၌ လိုရာမရှိ လွန်စွာပြည့်စုံတော်မူပြီ။ မဟန္တံ နာယကံ၊
ကောင်းရာဌာန လမ်းညွှန်ပြ၍ မှူးမတ်သော ပို့ဆောင်ပေတတ် မြတ်သော
နာယက ဖြစ်တော်မူသော။ သံဃဥက္ကဋ္ဌံ၊ မြန်မာ့နွယ်ဖွား သံဃာများ၏
ရွေးသွားပမာန ဥက္ကဋ္ဌတဆူ ဖြစ်တော်မူသော။ တံ မဟာထေရံ၊ အဘိဓဇမဟာ
သာလှ မြို့မဇာနည် ထိုမဟာထေရ်မြတ်ကြီးကို။ မယံ၊ ဆရာ့ဂုဏ်ရည် စုံအညီ၌
ယုံကြည်ကိုးစား တပည့်တော်များသည်။ ပူဇေမ၊ ပစ္စယယက် စပ်စုံ၍
နှစ်သက်ရွှင်လန်း ဝမ်းပန်းတသာ ပူဇော်လိုက်ကြပါကုန်၏ အရှင်ဘုရား။

၂။ သာသနံ သုဝိသုဒ္ဓါယ၊ ဋ္ဌိတာယ ဝိပုလာယ စ။
အကာသိ ဝိရိယံ ထေရော၊ အဟော တဿ ဥဿောဠှိတာ။

ယော ထေရော၊ သီလ သမာ ပညာစသား မြတ်တရား၌ လှုပ်ရှားမယိုင်
ခိုင်ခိုင်ခံ့ခံ့ တည်တံ့ပေငြား အကြင် မြို့မဆရာတော်ဘုရားကြီးသည်။ သာသနံ၊
လူ နတ် ဆရာ စေတာတ္ထာ၏ သုံးဖြာသတ်ပုတ် သာသနာတော်မြတ်ကို။
သုဝိသုဒ္ဓါယ စ၊ ညစ်ကြေးမထင်ပြစ်မတင်ပဲ သန့်စင်ခြင်းအကျိုးငှာလည်းကောင်း။
ဋ္ဌိတာယ စ၊ မယိမ်းမယိုင် ခိုင်ခိုင်ခံ့ခံ့ တည်တံ့ခြင်းအကျိုးငှာလည်းကောင်း။
ဝိပုလာယ စ၊ စည်ပင်ပြန့်ငြား အကျိုးများအောင် တိုးပွားစေခြင်းအကျိုးငှာ
လည်းကောင်း။ ဝိရိယံ၊ နောက်သို့မပြန် စွမ်းအားသန်သည် မြဲမြံသော လုံ့လ
ဝီရိယတော်ကို။ အကာသိ၊ ခန္ဓာအသက် ငဲ့ကွက်မရှိ အပ်ပတိတပ်ကာ
ပြုလုပ်တော်မူခဲ့ပါပေပြီ။ တဿ ထေရဿ၊ အဂ္ဂမဟာ ဘိဓဇာနှင့် မဟာ

နာယက ဥက္ကဋ္ဌဟု ဂုဏစုံလင် ထိုထေရ်အရှင်၏။ ဥဿောဠှိတာ၊ နောက်သို့မပြန် စွမ်းအားသန်သည့် မြဲမြံသော ဝိရိယတော်သည်။ အဟော၊ လက်ဖြင့်ရိုက်တီး ပတင်ဟီးအောင် အံ့ချီးထိုက်ပါပေစွတကား။

၃။ လဒ္ဓေါ ယောဘိဓေဇာဒိတံ၊ လဒ္ဓံ ရဋ္ဌသုပူဇိတံ။
ပူဇေမဟံ မြို့မတ္တေရံ၊ မဟန္တသံဃနာယကံ။

ယော ထေရော၊ ဗုဒ္ဓမြတ်စွာ သာသနာကို လွန်စွာသန့်စင် တည်စေချင်၍ စည်ပင်ပြန့်ပွား အကျိုးများဖို့ ကြိုးစားအားထုတ်တော်မူသော အကြင် မြို့မဆရာတော်ဘုရားကြီးသည်။ ရဋ္ဌသုပူဇိတံ၊ အများကျော်မော် နိုင်ငံတော် က ကော်ရော်လေးမြတ် ပူဇော်အပ်ထသော။ အဘိဓဇာဒိတံ လဒ္ဓံ၊ အဘိဓဇာ အစဖြာသည့် သာယာခပ်နိုပ် ဘွဲ့တံဆိပ်ကို။ လဒ္ဓေါ၊ မုချပိုင်ပိုင် လက်ကိုင်မိမိ ရရှိတော်မူခဲ့လေပြီ။ မဟန္တသံဃနာယကံ၊ သံဃနာယကာ အဖြာဖြာတွင် သာထက်သာလတ် ထူးမြတ်ပေထသော။ တံ မြို့မတ္တေရံ၊ သီလအစ မချို ရသည့် တို့ဆရာထိပ်တင် ထိုမြို့မထေရ်အရှင်ကို။ အဟံ၊ ဆရာ့ဂုဏ်ရည် စုံအညီကို ယုံကြည်ကော်ရော် တပည့်တော်သည်။ ပူဇေမိ၊ ပစ္စယထက် ဓမ္မစက်၍ နှစ်သက်ရွှင်လန်း ငမ်းပန်းတသာ ပူဇော်လိုက်ပါ၏ အရှင်မြတ်ဘုရား။

**မာဃသိန္ဒာဘိဝံသ**

အစိုးရနှင့် သက္ကသီဟဓမ္မာစရိယ, ဒီဃနိကာယကောဝိဒ
ဇေယျသိဒ္ဓိမဟောက်ကျောင်း
ပိုလ်ကုန်းရပ်၊ ပဲခူးမြို့။

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ
အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု
ပဲခူးဈေးကြီး ဆန်လှူအသင်း၏ ဩဝါဒါစရိယ
ကျေးဇူးတော်ရှင် သက်တော်ရှည် မြို့မဆရာတော်ဘုရားကြီးအား
ပဲခူးမြို့ ဈေးကြီးဆန်လှူအသင်း၏

# ချီးကျူးဂုဏ်ပြုပူဇော်လွှာ

ပဲခူးမြို့၊ ဈေးကြီးဆန်လှူအသင်း စတင်တည်ထောင်စဉ်က ဆရာတော်ဘုရားကြီးက—

"ယခုလို ပဲခူးဈေးကြီး ဆန်လှူအသင်းက သာသနာပြုရာမှာ 'စိတ်ရှည်ဇွဲသန် သည်းညည်းခံ ပြုရန် သာသနာ' ဆိုတဲ့ ဆောင်ပုဒ်အတိုင်း ဆန်လှူအသင်းသူ အသင်းသားတွေဟာ လုပ်ကိုင်ဆောင်ရွက်တဲ့နေရာမှာ တပါးသူချီးမွမ်းလဲ မတုန်လှုပ်·ဝမ်းမသာ၊ ကဲ့ရဲ့ယင်လဲ မတုန်လှုပ်- ဝမ်းမနည်း ဒေါသမဖြစ်ပဲ သည်းခံပြီး မိမိလျှောက်ရမည့် လမ်းခရီးပန်းတိုင်ရောက်အောင် ချီတက်လုပ်ဆောင်ကြပါ၊ လောကမှာ ဘုရားရှိခိုးတာကအစ ဘုရားရှိခိုးရှည်ယင်လဲ ရှည်ပြန်ပြီ၊ တိုရင်လဲ တိုလွန်းလိုက်တာ ဆိုပြီး ချီးမွမ်းကဲ့ရဲ့စကားကတော့ မလွတ်ဘူး၊ အဲဒီတော့ ပြောတာက ပြောတဲ့သူ့ရဲ့အလုပ်၊ လုပ်ရမှာက ကိုယ့်အလုပ်ဖြစ်တဲ့အတွက် ရေရှည် တည်တံ့နိုင်ရေး ရှေးရှု၍ တိုးတက်အောင် ဆက်လက်ဆောင်ရွက်နိုင်ပါစေလို့ ဩဝါဒစကား ပြောကြားလိုက်ပါတယ်"ဟူ၍ လမ်းညွှန်ဩဝါဒ မိန့်ခွန်းပေးခဲ့ပါတယ်။

ဒါကြောင့်—

မဏယော ကေတဝေါ လောကေ၊ ဒိဝါကရေန ဇောတရေ။
ပဒုမာနိ စ ပုပ္ဖာနိ၊ တေနေဝ သုပုပ္ဖရေ။

ဤလောက၌ ပတ္တမြားမှန်ကင်းတို့သည် နေမင်းအရောင်ကြောင့်သာလျှင် အရောင်ပြိုးပြက် တလက်လက်ထွန်းတောက်နိုင်ကြကုန်၏၊ ပဒုမ္မာကြာပန်းတို့သည်လည်း ထိုနေရောင်ကြောင့်သာလျှင် ကားကားစွင့်စွင့် ပွင့်နိုင်ကြကုန်၏။

ထိုနည်းအတူ ပဲခူးဈေးကြီး ဆန်လှူအသင်းသည်လည်း ကျေးဇူးတော်ရှင် သက်တော်ရှည် မြို့မဆရာတော်ဘုရားကြီးနှင့် ဩဝါဒါစရိယ ဆရာတော်ဘုရားတို့၏ဩဝါဒ တ, န, ပဲ့ပြင် သွန်သင်ဆုံးမပေးမှု ဘုန်းရောင်ကံအောင် သမ္မာတော်ရောင်တို့ကြောင့် လည်းကောင်း၊ သီလသမာဓိ ပညာရောင်တို့ကြောင့် လည်းကောင်း ဆတက်ထမ်းပိုး တိုး၍ ဖွံ့ဖြိုးကြီးပွား တိုးတက်ရမည်သာ တကား။

ပဲခူးဈေးကြီး ဆန်လှုအသင်းမှ ဆရာတော်ဘုရားကြီးအား
ဘေးရန်ကင်းကွာ သာသနာပြုနိုင်ပါစေကြောင်း

# ဆုမွန်တောင်း

စန္ဒော ဇုတိဟိ ဒိဗ္ဗန္တော၊ ဌိတော ကပ္ပမ္ပိ အမ္ဗရေ။
နိဗ္ဘယောဝ ယထာ ထေရော၊ စိရံ တိဋ္ဌတု သာသနေ။

အမ္ဗရေ၊ မြကမ္ဗလာအင် မိုးကောင်းကင်၌။ စန္ဒော၊ ရောင်ရှင်ထိန်လင်း ရွှေလမင်းသည်။ ဇုတိဟိ၊ ဘော်ဆင်းငွေရည် လင်းရောင်ခြည်တို့ဖြင့်။ ဒိဗ္ဗန္တော၊ အမှောင်ကိုခွင်း အရောင်လင်းသုံက်။ ကပ္ပမ္ပိ၊ ကာလမဆုံး ကမ္ဘာပတ်လုံး သာလျှင်။ ဌိတော ယထာ၊ လေးကျွန်းပတ်လည် ကောင်းစွာတည်သကဲ့သို့။ သာသနေ၊ မြတ်စွာဗုဒ္ဓ ညွှန်ပြတီထွင် ဝေဟင်ပမာ သာသနာ၌။ ထေရော၊ လစန်းအသွင် ကျေးဇူးခတော်ရှင် အဘိဓဇမဟာရဋ္ဌဂုရု မင်းဂုဏ်ပြုထေရ်မဟာ ပဲခူးမြို့မ ဆရာတော်ဘုရားကြီးသည်။ ဇုတိဟိ၊ သီလသမာ ပညာထူးမြတ် မေတ္တာဓာတ်ဖြန်း ရှင်လန်းအေးကြည် လင်းရောင်ခြည်တို့ဖြင့်။ ဒိဗ္ဗန္တော၊ ကမ္ဘာအတွင်း အလင်းရောင်လွှမ်း ငြိမ်းချမ်းအေးမြ သာသနာ့ရောင်ခြည် လှည့်လည်ထွန်းတောက် ဝင်းဝင်းလက်လျက်။ စိရံ၊ နှစ်ပေါင်းဆင့်ဆင့် ရှည်မြင့်လှစွာ ကာလကြာအောင်။ နိဗ္ဘယောဝ၊ ကိုးဆယ့်ရှစ်ဖြာ ဘေးဘယာတို့ ဝေးစွာလွှတ်ကင်း ကျန်းမာခြင်း ရှိသည်ဖြစ်၍သာလျှင်။ တိဋ္ဌတု၊ (အဘိဓဇ မဟာရဋ္ဌဂုရု)ပူဇော်ပွဲ ဤသဘာတွင် ညီတညာစုပေါင်းလျက် ဆုတောင်းမင်္ဂလာ ရှင်သဒ္ဓါဖြင့် အစဉ်သာမသွေ တည်ရှိပါစေသတည်း။

ပဲခူး ဈေးကြီးဆန်လှုအသင်း
ကျုံးရိုးတန်း၊ ပဲခူးမြို့။



နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ
အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု
ဘက်တော်ရှည် မြို့မဆရာတော် ဘုရားကြီးအား
မျိုးကျူးဂုဏ်ပြုပွဲအတွက် ရေးသားပူဇော်အပ်သော

# ဂုဏဂီတိ ထောမနာ ဂါထာများ

၁။ မနုညတ္တံ သုလဒ္ဓံ နော၊ ဇီဝိတဉ္စ သုဇီဝိတံ။
ယေ မယံ ဒါနိ ပူဇေမ၊ ပေသလံ ထေရကုဉ္ဇရံ။

ဒါနိ၊ ၁၃၄၅-ခု ဥတုဟေမန္တ နတ်တော်လ၏ စန္ဒြာကျော်တက် ဆယ့်သုံးရက်သို့ ဆက်ဆက်ရောက်လာ မင်္ဂလာအပေါင်း ဝန်းခြောင်းသည့် နှစ်ထောင်းကြည်သာ ဤယခုအခါ၌။ ယေ မယံ၊ မြို့မဆရာတော်ဘုရား ဂုဏ်တော်များကို အားအားကြည်ညို သဒ္ဓါပိုလျက် ရှိသေလေးစား အကြင်တပည့် ဒါယကာ ဒါယိကာမ အများတို့သည်။ ပေသလံ၊ စာမရီသား အမြီးဖျားကို လေးစားချစ်ခင် ပုံအသွင်သို့ အစဉ်ညီမျှ ကျင့်သီလကို နှစ်ခြိုက်သာလျှင် ချစ်ခင်တော်မူပေထသော၊ ထေရကုဉ္ဇရံ၊ ဂုဏ်အင်ပြည့်ကြွယ် ကြည်ညိုဖွယ်နှင့် ဝင့်ထည်တောက်ကြွား ပဲခူးမြို့မ ဆရာတော်ဘုရားကို။ ပူဇေမ၊ ငါတို့ရှာနေ ငါတို့မြဲ့၌ သန္ဒေ့ပဝတ္တိ စုံညီဘိတောင်း လွှန်နှစ်ထောင်းလျက် ကောင်းကောင်းရေးယူ အလေးမူ၍ ကြည်ဖြူကော်ရော် ပူဇော်ပါကုန်၏။

တေဟိ နော-တေဟိ အမှေဟိ၊ ကြိုတောင့်ကြိုခဲ ပူဇော်ပွဲကို ဆင်နွဲပျော်ပျော် ထို တပည့်တော်တို့သည်။ မနုညတ္တံ၊ လိပ်ကန်းထမ်းပိုး ပင်လယ်ရိုး၌ ဝင်တိုးဖို့ရာ ခဲယဉ်းစွာသို့ ပမာတူလစ် လူအဖြစ်ကို။ သုလဒ္ဓံ၊ စင်စစ်မသေ့ ကောင်းစွာရအပ်ပေစွတကား။ တေသံ နော-တေသံ အမှာကံ၊ကြိုတောင့်ကြိုခဲ ပူဇော်ပွဲကို ဆင်နွဲပျော်ပျော် ထိုတပည့်တော်တို့၏။ ဇီဝိတဉ္စ၊ အာယု ဥသ္မာ ဝိညာဏာဟု သုံးဖြာလင်းထင် အသက်ရှင်ရခြင်းသည်လည်း။ သုဇီဝိတံ၊ ကုသိုလ်တရား လွန်တိုးပွားသဖြင့် အားရကြည်နူး ဥဒါန်းကျူးဖို့ အထူးသင့်လျော်ဘြော်...ကောင်းမြတ်သော အသက်ရှင်ရခြင်းပါတကား။

ပူဇော်ပွဲ ဂ—ပ-မ-သ-စ

၂။ ထေရထေရော ဝေရဝေရော၊ သုမုတ္တော ဟောတု သဗ္ဗဒါ။
သုခိတော အရောဂိကော သော၊ စိရံ ဒိဗ္ဗတု သာသနေ။

ထေရထေရော၊ အဘိဓဇမဟာရဋ္ဌဂုရု, အဂ္ဂမဟာပဏ္ဍိတ, နိုင်ငံတော်သံဃမဟာနာယက ဥက္ကဋ္ဌဟု ပြည့်ဝဂုဏ်အင် စုံလင်ပေသဖြင့် မထေရ်ဟုခေါ်ပုဂ္ဂိုလ်ကျော်တို့ထက် ကဲတက်လွန်ငြား ပဲခူးမြို့မ မဟာထေရ်မြတ်ဘုရားသည်။ ဝေရဝေရော၊ အဗ္ဘုတ်ဗာဟိ နှစ်လီနှစ်ဘက် နှောင့်ယှက်တန်တန် ဘေးဒဏ်ရန်စွယ် အန္တရာယ်သောင်းပြောင်း မကောင်းဟူသမျှ အနိဋ္ဌဖလတို့မှ။ သဗ္ဗဒါ၊ နေ့ရောညဉ့်ပါ ဘယ်ခါမတိမ်း အချင်းခပ်သိမ်း။ သုမုတ္တော၊ ကောင်းစွာ ရှင်းကျွတ် ကင်းလွတ်တော်မူသည်။ ဟောတု၊ စင်စစ်မသွေ ဖြစ်ပါစေသတည်း။

သော ထေရော၊ ဘွဲ့တံဆိပ်တော်အထပ်ထပ် အရိပ်ရုပ်ဂုဏ်အင် စုံလင်ပြည့်ဝ သာသနာ့ ထိပ်ခေါင်တင် ပဲခူးမြို့မ ဆရာတော်သခင် အရှင်မဟာထေရ်မြတ်သည်။ အရောဂိကော၊ ကျင်နာခံခက် နှိပ်စက်ဖိစီး ကြီးကြီးငယ်ငယ် သွယ်သွယ်ပေါ်စွာ ရောဂါဘယ မကြုံရပဲ လုံးဝစင်ကင်း ကျန်းမာခြင်းရှိတော်မူသည်ဖြစ်၍။ သုခိတော၊ ကိုယ်စိတ်နှစ်ဖြာ ကြည်သာ ရွှင်ပြ ချမ်းသာခြင်း ပြည့်ဝတော်မူပြီးလျှင်။ သာသနေ၊ သခင်္ဂျကမ္ဘာ လွန်လေပါလည်း ကြုံရပ်ခဲကပ် သာသနာတော်မြတ်ကြီး၌။ စိရံ၊ ဗာကုလမည် မဟာထေရ်သို့ ကြာရှည်သက်တမ်း ကျော်ကာသွမ်းအောင်။ ဒိဗ္ဗတု၊ နေသွင်လန္ဒန်း ရန်စွယ်မှုန်း၍ ဘုန်းတန်ခိုးတေဇော် အာနုဘော် ဖြိုးမောက်လျက် တိုးတက် ထွန်းတောက်တော်မူပါစေသတည်း။

ကျော်ပိုင် (ကြိုင်လင်းစာပေ)
သာသနဓဇ သိရီပဝရ ဓမ္မာစရိယ
ပဲခူးမြို့။

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ
အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု သက်တော်ရှည် မြို့မဆရာတော်ဘုရားအား
ချီးကျူးပူဇော်ပွဲအတွက် ရေးသားပူဇော်အပ်သော

# ချစ်လုံးသွဲ့ကဗျာများ

၁။ ပရိယတ္တိ-ပြည့်ဘိထေရ်ရှင်၊
သစ်တပင်ကောင်း-ငှက်သောင်း ခိုဝင်။
တပည့်တပန်း-ရဟန်းလူရှင်၊
ဝန်းရံပတ်-ထေရ်မြတ်ပါရမီရှင်။

၂။ သုံးဖြာပိဋကတ်-ပရိယတ်ဓမ္မာ၊
စာသင်,စာမ-စာချဖြာဖြာ။
တက်နေ့,လလား-မြတ်ဖျားသာသနာ၊
အသက်ပေး-နက်လေးဆောင်ရွက်လာ။

၃။ သာသနာတွင်း-သန့်ရှင်းဖို့မြော်၊
ပြည်ထောင်စုမင်း-ဝပ်စင်းကော်ရော်။
ယုံကြည်ကိုးစား-အများထေရ်ကျော်၊
ခေါင်းဆောင်မြတ်-ပုလတ်တို့ဘုန်းမော်။

၄။ မေတ္တာရည်သန့်-ပျံ့နှံ့ဝေနေ၊
ကျိုးရှိမှန်ငြား-မိန့်ကြားနိုင်ပေ။
သာယာဆိုပြော-မနောကြည်စေ၊
တပည့်များ-စိတ်အား ရွှင်ရပေ။

၅။ သီလသမာဓိ-စ,ရှိပညာ၊
ဂုဏ်တော်သွတ်ဖူး-ညွှတ်နူးဖွယ်ရာ။
ရေးစီကုံးဖွဲ့-ဆုံးခဲ့ဘယ်မှာ၊
ရှိနိုင်ပဲ-ထူးကဲတို့ဆရာ။

၆။ နိုင်ငံတော်မှ-ထေရပူဇာ၊
နှစ်စဉ်ကျင်းမြဲ-မင်းပွဲမဟာ။
နိုင်ငံအလုံး-ခြိမ့်အုံးကြွေငြာ၊
အဘိဓဇ-အဂ္ဂပဏ္ဍိတာ။

၇။ ဆဋ္ဌလိုဏ်တွင်း-ကြိုင်သင်းဂုဏ်တော်၊
အဂ္ဂပဏ္ဍိတ်-ဘွဲ့တံဆိပ်တော်။
ဆရာရှင်မြတ်-ဆက်ကပ်ကော်ရော်၊
နတ်လူပေါင်း-နှစ်ထောင်းသာမုခေါ်။

၈။ တစ်သုံးလေးငါး-ရောက်ငြားခုခါ၊
နယုန်မာသ-ပုဏ္ဏဒိဝသာ။
နိုင်ငံတော်မင်း-ဝပ်စင်းပူဇာ၊
အဘိဓဇ-ရဋ္ဌဂုရုပါ။

၉။ ရဋ္ဌဂုရု-သွန်းပြုထေရ်မဟာ၊
သက်တော်ရှည်လျား-ပြုငြားသာသနာ။
ကပည့်အပေါင်း-ခ,ငြောင်းရံကာ၊
မြတ်ကောင်းမှု-တောင်းဆုပတ္ထနာ။

ကျော်ပိုင်(ကြိုင်လင်းစာပေ)
သာသနဓဇ သိရီပဝရ ဓမ္မာစရိယ
ပဲခူး
ရေးသားပူဇော်ပါသည်။

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ

အဘိဓဇမဟာရဋ္ဌဂုရု

သက်တော်ရှည် မြို့မဆရာတော်ဘုရားကြီးအား ကြိုဆိုဂုဏ်ပြု ပူဇော်သော

# ထုတိမင်္ဂလာ မြတ်ပူဇာ ရတုပိုဒ်နံ့

ရေးသားပူဇော်သူ– ဦးမြမောင်၊ အငြိမ်းစား ပညာရေးဌာန၊
အောင်မင်္ဂလာ ရပ်ကွက်၊ ပဲခူးမြို့။

**ပဲနှုယ်သာ။** ။ဥတ္တရာ၏၊ သညာထင်လင်း၊ ဝမ်းဘဲအင်းဟု၊ မည်ရင်းဒေသာ၊
ရပ်ဂါမာဌ၊ နှစ်ဖြာမိဘာ၊ စောင့်ရှောက်ကြ၍၊ ကြီးထချိန်ခါ၊
စောမြတ်စွာ၏၊ ပုတ္တာသားချစ်၊ ဘဝသစ်သို့၊ ရောက်လစ်ချိန်သာ၊
ထိုစဉ်ခါမှ၊ နှစ်ဖြာဂုရု၊ ကြိုးလုံ့လဖြင့်၊ သီလသမာ၊ မိပညာဟု၊
ခမာဂုဏ်သင်း၊ နံ့သတင်းကြောင့်၊ သန့်ရှင်းသာသနာ၊ တည်တံ့
ရာနှင့်၊ ဖြာဖြာပြန့်ပွား၊ ငွမ်းဆောင်ငြားသို့၊ ခုမျှားချိန်ခါ၊
ဥက္ကဋ္ဌာဟု၊ ညီညာတင်မြှောက်၊ ကြိမ်ကြိမ်လျှောက်၍၊ ထွန်း
ပေါက်ဝေဖြာ၊ မြတ်ဝန်တာကို၊ သံဃာဂိုဏ်းစုံ၊ ရှိပဒုံနှင့်၊ စုပုံ
ညီညာ၊ နှင်းအပ်ကာဖြင့်၊ သဒ္ဓါပီတိ၊ ဂွမ်းဆီထိမျှ၊ နှံ့သီပြောင်
မြောက်၊ ရွေးချယ်မြှောက်သည်....မြင့်မောက်သမ္မာ ရည်ဘုရား။

**ကဲထူးမြန်မာ။** ။မယှဉ်ရာသား၊ ကမ္ဘာပတ်လုံး၊ ခြိမ့်ခြိမ့်ဒုံးမျှ၊ မြတ်ဘုန်းဇိနော်၊
ပွင့်ခဲ့သော်မှ၊ ချင့်မြော်ထောက်တွေး၊ ဆင့်ဆင့်ရေးသော်၊
ပိုသေးငါးရာ၊ နှစ်ထောင်ဖြာသည့်၊ သာသနာစစ်၊ သက္ကရာဇ်၌၊
တွေးသစ်ကြံစည်၊ မိမြန်ပြည်၏၊ ကောင်စီစိုးရ၊ ဥဿာဟဖြင့်၊
သာသနာ့အရေး၊ တို့အရေးဟု၊ စည်းပေးညီညာ၊ ထေရ်သံဃာတို့၊
ဆယ်ဖြာဦးတင်၊ လျှောက်ပန်ဆင်လျက်၊ မြန်ခွင်ပြည်မ၊ ပြည်
နယ်စ၍၊ ဗုဒ္ဓဘာသာ၊ သန့်စင်ရာနှင့်၊ ခိုင်မာတည်တံ့၊ မွန့်ရှည်
ခံ့ဖို့၊ မွေးပျိုးသင်းထုံ၊ ရနံ့စုံဖြင့်၊ လေဟုန်ခိစီး၊ ဝေးနှင့်နီးသို့၊
အုံ့ချီးဖုံဖုံ၊ ကိုးသွယ်ဂုဏ်နှင့်၊ ပွင့်ငုံဖူးငေ၊ ခိုင်ပဒေတို့၊ လှိုင်ဝေ
အုံ့လောက်၊ ဖြိုးကြွယ်မောက်သည်.... ချင့်ထောက်ကမ္ဘာတည်
ဘုရား။

**နံ့ကျူးထုံတျာ။** ။ရတုစာအား၊ ကဗျာကုံးသီ၊ ရေးကာစီလျက်၊ သိဂ်ိခွက်ကွင်း၊
ခြသေ့်မင်း၏၊ နံ့သင်းအဆီ၊ အမှန်ပာည်သို့၊ လီလီပျော့ဆ၊

ကာရန်လှနှင့်၊ကျုနရွေးချယ်၊ အသွယ်သွယ်ကို၊ တင့်တယ်ဆန္ဒ၊
ဩကာသရျှ၊ အဂ္ဂမဟာ၊ ပဏ္ဍိတာနှင့်၊ ဖြာဖြာဆင့်ဆင့်၊ မြင့်
ထက်မြင့်သည့်၊ ဖူးပွင့်ရတနာ၊ ဘိဓဇာဟု၊ မဟာရဋ္ဌ၊ ပူဇာစဖြင့်၊
သံဃာ့ဦးသျှောင်၊ ဆောင်အယောင်အား၊ လူ့ဘောင်အသစ်၊
ဆိုရှယ်လစ်ဟု၊ ပြည်ချစ်စိုးရ၊ သမ္မတမှ၊ မြန်မာ့စဉ်လာ၊
ကျွဲမဟာနှင့်၊ ဣန္ဒာစာရ၊ ဘဒ္ဒန္တတည့်၊ နာမကရဏာ၊ ဘုန်း
ပေဇာအား၊ ကမ္ဘာတခွင်၊ သမိုင်းတင်ဖို့၊ ဦးတာင်ချီးမြှောက်၊
သဒ္ဓါပေါက်သည်.... ဖွင့်လျှောက်ပန်ပါမည်ဘုရား။

နိုင်ငံတော် သံဃာ့မဟာနာယကအဖွဲ့ ဥက္ကဋ္ဌ

အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု

သက်တော်ရှည် မြို့မဆရာတော်ဘုရားကြီးအား ဂုဏ်ပြုပူဇော်ပွဲသို့

**ပဲခူးတိုင်းသာသနာရေးမှူး ဦးညွန့်မောင်ရေးသားပူဇော်အပ်သော**

# အဘိဓဇဂုဏပူဇာတေးထပ်

သာသနာ သန့်တည်ပြန့်စေဖို့
မြန်ပြည်အနှံ့ တိုင်းတခွင်၊

သံဃာ့ဦးသျှောင် ထေရ်မြတ်များတွင်မှ
သမ္မုတိပေး ရွေးကောက်မြှောက်တင်။

ဟံသာနဂရ မြို့မ-အရှင်ကို
ဥက္ကဋ္ဌတင်ကာ ဝန်ဆောင်ဖွဲ့လို့
ခြောက်ဆယ်ခြောက်ပါး ဇည်းဝေး-စိတ်တူညီ
သံဃာ့အဖွဲ့ စည်းမျဉ်းများကိုတဲ့ ရေးဆွဲကြလေသည်။

တစ်ထောင်ကိုးရာရှစ်ဆယ်ပြည့်တွင်လ
သိန်းကျော်သံဃာ့ ဆန္ဒရယူကာ
ဂိုဏ်းပေါင်းးစုံ ညီတဲ့ပွဲကို နွှဲခဲ့အောင်မြင်စွာ၊

ပြည်သူအများ စိတ်ကြည်သာသည်
ကုသိုလ်အဖြာဖြာ ဆတိုးပါရဲ့လေး။


မဟာဝိဇယ စေတီတည်ကာရယ်
ဂုဏ်ယူဖွယ်ရာ မော်ကွန်းတင်ဘုရာ့လေး။

အဘိဓဇ မြို့မအရှင်ကို
ပြည်သူ့ဆရာ ဘွဲ့တင်ဆက်သမို့
ဂုဏ်ပြုအခါခါ ဦးတင်ယှက်တယ် ဘုရာ့လေး။ ။

**ဦးညွန့်မောင်** ဓမ္မာစရိယ၊ ဘီအေ၊ အာ(မ်)အယ်(လ်)
ရေးဖွဲ့ပူဇော်သည်။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ

အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကုမာရ



၁၃၄၅-ခုနှစ် နယုန်လဆန်း(၁၁)ရက်(၂၁.၆.၈၃) အင်္ဂါနေ့
ပထမအကြိမ် နိုင်ငံတော်ဗဟိုသံဃဝန်ဆောင်စတုတ္ထအစည်းအဝေး၌
သာရဏီယဩဝါဒကထာမိန့်ကြားနေပုံ။

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ

အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု

ပဲခူး မြို့မဆရာတော်ဘုရားကြီးအား

ပဲခူးမြို့ သာသနာနုဂ္ဂဟဝတ်အသင်းကြီးက

ချီးကျူးဂုဏ်ပြု ပူဇော်သည့်

# ဂုဏဝဏ္ဏနာ ထုတိဩဘာ မင်္ဂလာရတုပိုဒ်ခံ

